
MOMENTUM
Books Publishing





နိုင်ငံတော်သမ္မတဟောင်း

# ဦးနေဝင်း ၏ ကာချုပ်ပြန်ပြေးဗျူး

## ဖွင့်ချခဲ့တဲ့

## စစ်အစိုးရကို အာဏာသိမ်းရန်ကြံစည်မှုကြီး




မြတ်ခိုင်

# နိုင်ငံတော်သမ္မတဟောင်းဦးနေဝင်း နှင့် သူ၏ သမိုင်းဝင်ဓာတ်ပုံများ



ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လျှောက်လှမ်းနေသော ဗိုလ်ချုပ်နေဝင်း



ဗိုလ်ချုပ်ကြီးနေဝင်း



ဗိုလ်ချုပ်ကြီးနေဝင်း



ဗိုလ်ချုပ်ကြီးနေဝင်း



ဦးနေဝင်း ဒေါ်ခင်မေသန်း





1 HLA TUN
2 HLA SEIN
KAUK
GLAY
MG GYI
AUNG
MG



ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးချုပ်အောင်ကြီး


LIFE







ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဇနီးတို့တည်ခင်းသော ညှော့ခံပွဲသို့ကြွရောက်လာသော ယူဂိုဆလပ်သမ္မတကြီးမာရှယ်တီးတိုးနှင့် မြန်မာသမ္မတကြီး မန်းဝင်းမောင်။ ဗိုလ်ချုပ်ကြီးဇနီးမောင်နှံဘေးမှ ညှော့သည်များကို ကြိုနေသူမှာ တရားဝန်ကြီးချုပ်ဦးမြင့်သိန်းဖြစ်သည်။



ထိုင်းမိဖုရားကြီးနှင့် ဆုတောင်းပတ္တနာပြုနေသော ဗိုလ်ချုပ်ကြီးနေဝင်း



ထိုင်းဘုရင်မင်းမြတ်နှင့်ညစာအတူ သုံးဆောင်နေသော ဒေါ်ခင်မေသန်း



ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အိမ်စောင့်အစိုးရဝန်ကြီးများကို
သမ္မတမန်းဝင်းမောင်နှင့်အတူတွေ့ရပုံ။



တရုတ်ပြည်သို့ အလည်ရောက်လာသော ဦးနေဝင်းတို့ဇနီးမောင်နှံအား ဝန်ကြီးချုပ် ချူအင်လိုင်းက ကြိုဆိုနေစဉ်၊ (ဒေါ်ခင်မေသန်း၏ နောက်နားတွင် ဒုကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီးကို တွေ့နိုင်သည်)



ဂျပန်မိတ်ဆွေများနှင့်အတူ တွေ့ရသော ဦးနေဝင်းနှင့် ဒေါ်ခင်မေသန်း




မာရှယ်ချင်းယီနှင့်အတူ စက်ရုံများသို့ ကြည့်ရှုနေသော ဗိုလ်ချုပ်ကြီးနေဝင်း



မာရှယ်ချင်းယီတို့ ဇနီးမောင်နှံနှင့်အတူတွေ့ရသော ဦးနေဝင်းနှင့်
ဒေါ်ခင်မေသန်း



ထိုင်းဘုရင်မင်းမြတ်၊ မိဖုရား၊ ရင်သွေးတော်များနှင့်တွေ့ရသော ဦးနေဝင်း(ထိုင်းဘုရင်မင်းမြတ်သည် မြန်မာနိုင်ငံမှ ပေးအပ်သော အမြင့်ဆုံးအဆောင် အယောင် အဂ္ဂမဟာသီရိသုဓမ္မ ရွှေစလွယ်ကိုဝတ်ဆင်ထားသလို မြန်မာသမ္မတသည် ထိုင်းနိုင်ငံမှ ပေးအပ်သော အမြင့်ဆုံးတော်ဝင်ဘွဲ့တံဆိပ်တော်ဆင် ဖြူရတနာရွှေစလွယ်နှင့် လည်ဆွဲတော်ကို ဆင်မြန်းကာနှစ်နိုင်ငံချစ်ကြည်ရေးသင်္ကေတကိုဆောင်ထားကြသည်)



ဦးနေဝင်းကို သမ္မတကြီး ဦးစန်းယု၊ ဗိုလ်မှူးချုပ်တင်ဦးတို့နှင့်အတူ တွေ့ရစဉ်



အိမ်ဖြူတော်မြက်ခင်းပြင်တွင် အမေရိကန်နှင့်
မြန်မာနှစ်နိုင်ငံခေါင်းဆောင်များ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်



အမေရိကန် သမ္မတကြီးဂျွန်ဆင်နှင့် အိမ်ဖြူတော်နှင်းဆီခြံတွင်
လမ်းလျှောက်ရင်းဆွေးနွေးတိုင်ပင်နေသော ဦးနေဝင်း



မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊
တပ်မတော်ကာကွယ်ရေးဦးစီချုပ်အား အမေရိကန်သမ္မတက
အိမ်ဖြူတော်မြက်ခင်းပြင်တွင် ကြိုဆိုနှုတ်ဆက်နေပုံ(ဒေါ်ခင်မေသန်း၏
နောက်တွင်တွေ့ရသူမှာ ဒုကာကွယ်ရေးဦးစီးချုပ် (လေ)
ဗိုလ်မှူးချုပ်သောင်းဒန်ဖြစ်သည်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၏ အမေရိကန်ချစ်ကြည်ရေးခရီးစဉ်တွင် ဒေါ်ခင်မေသန်းအား သမ္မတကြီးဂျွန်ဆင်၏ ဇနီး ကိုယ်တိုင်က ပန်းစည်းလက်ဆောင်ကမ်းလင့်ကာ ကြိုဆိုနေပုံ



အမေရိကန်သမ္မတဇနီးမောင်နှံနှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခံနေသော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဒေါ်ခင်မေသန်း(နောက်တွင်တွေ့ရသူမှာ သူရဦးတင်ဦး ငယ်စဉ်က ပုံဖြစ်သည်။



ဗြိတိသျှ ဘုရင်မကြီး၏ ညီမတော်မြန်မာ့ရှုခင်းတို့ကို မြတ်နိုးချစ်ခင်သူ အဲလစ်ဇဗြွားမင်းသမီးနှင့်အတူ ရှမ်းပြည်နယ်သို့ခရီးထွက်လာသော ဗိုလ်ချုပ်ကြီးနေဝင်း



(1981) Courtesy Call by H.E. Mr. R. Tanaka
Minister of Trade and Industry (Imperial Hotel)



(1981)Meeting with H.M. The Emperor (Imperial Hotel)



(1981) Meeting with H.M. The Emperor (Imperial Hotel)



(1981) Courtesy Call by H.E. Mr . T. Miki Prime Minister (Imperial Hotel)



(1981)Courtesy Call by H.E. Mr. K. Tanaka, Prime Minister (Imperial Hotel)



Courtesy Call by H.E. Mr.T.Fukuda, Prime Minister (Imperial Hotel)



(1981) Talk With H.E. Mr. Z. Suzuki, Prime Minister (Prime Minister's Official Residence)



ဇနီးသည်မေသိန်းနှင့် ဦးဇော်ဝင်း



ဝိပဿနာတရားဆွေးနွေးဖော် စင်ကာပူ အမျိုးသားခေါင်းဆောင်ကြီး
လီကွမ်ယူးနှင့် ဦးနေဝင်း



ဦးနေဝင်းကို ဗိုလ်ချုပ်ကြီးသူရကျော်ထင်နှင့်အတူ ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် မိတ်ဆွေတစ်ဦးနှင့် တွေ့ရစဉ်။ နောက်တွင် လုံခြုံရေးဆောင်ရွက်နေသော ဗိုလ်မှူးကြီးခင်ညွန့်ကိုတွေ့နိုင်သည်။



(1981) Courtesy Call by H.E. Mr . T. Miki Prime Minister (Imperial Hotel)



(1981) Courtesy Call by H.E. Mr . M. Ito. Minister for Foreign Affairs (Imperial Hotel)



ရဲဘော်သုံးကျိပ်ဝင် သမ္မတဦးနေဝင်းနှင့် သမီးဗိုလ်ခင်စန္ဒာဝင်းတို့က အိမ်တော်တွင် အခြားရဲဘော်သုံးကျိပ်မိသားစုများအား ညစာဖြင့် မတည်ခင်းမီ စကားလက်ဆုံကျနေပုံ



ရဲဘော်သုံးကျိပ်ဝင် သမ္မတဦးနေဝင်းနှင့် သမီးဗိုလ်ခင်စန္ဒာဝင်းတို့က အိမ်တော်တွင် အခြားရဲဘော်သုံးကျိပ်မိသားစုများအား ညစာဖြင့် မတည်ခင်းမိ စကားလက်ဆုံကျနေပုံ



ကြည်း ၉၁၇၉ ဗိုလ်ကြီးစောချမ်း (ကျဆုံး)အတွက် ဇနီးဖြစ်သူ
ဒေါ်နန်းပရီအား သီဟသူရဘွဲ့ချီးမြှင့်ခဲ့စဉ်



ကြည်း ၆၄၅၈ ဗိုလ်ကြီးကျင်စံ (ကျဆုံး)အတွက် မိခင်ကြီး ဒေါ်တင်မြိုင်အား
သူရဘွဲ့ချီးမြှင့်ခဲ့စဉ်



တပ်မတော် သန္ဓေတည်ပေါက်ပွားရေး ကူညီပေးခဲ့သော ကွယ်လွန်သူ
ဗိုလ်မိုးကြိုး၏ ဇနီးမစ္စစ်ဆူဇူကီးအား အောင်ဆန်းတံခွန်ဘွဲ့ချီးမြှင့်စဉ်



ကိုယ်ပိုင်အမှတ် ၄၀၅၂၄ တပ်သားမောင်ဟိန်း (ကျဆုံး)အတွက် ၎င်း၏
ဇနီးဒေါ်နန်းကျင်အား သူရဘွဲ့ချီးမြှင့်ခဲ့စဉ်



ကြည်း ၁၀၁၄၃ ဗိုလ်အောင်ကြိုင် (ကျဆုံး)အတွက် မိခင်ကြီး ဒေါ်ကျင်နုအား သူရဘွဲ့ချီးမြှင့်ခဲ့စဉ်



ကိုယ်ပိုင်အမှတ် လ/ ၅၇၉၇၈ ရဲအုပ်စိန်ဝင်း်(ကျဆုံး)အတွက် ဖခင်ကြီး
ဦးထွန်းအောင်အား သီဟသူရဘွဲ့ချီးမြှင့်စဉ်



ပင်လုံစာချုပ် ပေါ်ပေါက်ရေး ကမကထပြုပေးခဲ့သူ ဗြိတိသျှ ဘုရင်မ၏ အတိုင်ပင်ခံကောင်စီဝင် လွှတ်တော်အမတ် ဆာအာသာဂျော့ဘော်တွမ်လေအား အောင်ဆန်းတံခွန်ဘွဲ့ ချီးမြှင့်ခဲ့စဉ်



ဦးနေဝင်းနှင့် ဗိုလ်ချုပ်ကြီးသူရကျော်ထင်တို့နှင့်
လုံခြုံရေးဆောင်ရွက်ပေးနေသော ဗိုလ်မှူးကြီးခင်ညွန့်



ဝဲမှယာ - ဒေါက်တာမောင်မောင်၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ ဦးမောင်မောင်ခ၊ ဦးစန်းယု၊ ဦးနေဝင်း၊ ဦးသောင်းကြည်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးကို၊ ဦးရဲခေါင်၊ ဦးစိန်လွင်၊ သူရဦးစောဖြူ၊ ဦးချစ်လှိုင် (၃၊၈၊၈၁ - ဗဟိုနိုင်ငံရေးတက္ကသိုလ်)



ဝဲမှယာ - ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ ဦးမောင်မောင်ခ၊ ဦးစန်းယု၊ ဦးနေဝင်း၊ ဦးသောင်းကြည်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးကို(၃၊၈၊၈၁-ဗဟိုနိုင်ငံရေး တက္ကသိုလ်)



၁၉၈၁ ဖေဖော်ဝါရီ ၆ ရက်က သက်ရှိထင်ရှား
ရဲဘော်သုံးကျိပ်ဝင်များအား အေဒီလမ်းအိမ် မြက်ခင်းပြင်တွင် ဂုဏ်ပြုမိတ်ဆုံစားပွဲ၌
တွေ့ရစဉ်။(နောက်တန်း ဝဲမှယာ) ဗိုလ်တောက်ထိန်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်နေဝင်း၊
ဗိုလ်အောင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်ဗလ၊ ဗိုလ်ဖုန်းမြင့်။ (ရှေ့တန်း ဝဲမှယာ)
ဗိုလ်မင်းရောင်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်တာရာ။
ဖော်ပြပါဓာတ်ပုံရိုက်ခဲ့သောအိမ်တွင် ဦးနေဝင်း ခေါင်းချသွားခဲ့ခြင်းဖြစ်သည်။
နောက်ဆုံးလက်ကျန် ရဲဘော်သုံးကျိပ် ဝင် ဗိုလ်ရဲထွဋ်သည် ၂၀၁၃ နိုဝင်ဘာ
(၂၇)ရက်တွင် ကွယ်လွန်သွားရှာလေသည်

•••

# နိုင်ငံတော်သမ္မတဟောင်းဦးနေဝင်း နှင့်
# သူ၏ မြေးများ



ဦးနေဝင်းမိသားစု




ဦးနေဝင်းနှင့် သမီးဖြစ်သူဒေါက်တာဒေါ်ခင်စန္ဒာဝင်း





ဦးအေးနေဝင်း၊ ဦးအေးဇော်ဝင်း၊ ဦးဇွဲနေဝင်း၊ ဦးကျော်နေဝင်းနှင့်
ဒေါက်တာဒေါ်ခင်စန္ဒာဝင်း



ဦးနေဝင်းမြေးများ




ဦးနေဝင်းမြေးများ






ဦးနေဝင်းမြေးများ




ဦးနေဝင်းမြေးများ



ဦးအေးဇော်ဝင်း၊ ဒေါက်တာဒေါ်ခင်စန္ဒာဝင်းမိသားစု





ဦးနေဝင်းကို မြေးများရှင်ပြုပွဲတွင် ကိုယ်တိုင်ဆွမ်းကပ်နေပုံအား
တွေ့မြင်ရသည်





မြေးကိုရင်လေးများကို ဆွမ်းကပ်နေသည့် ဦးနေဝင်း



ဗိုလ်မှူးကြီးခင်ညွန့်၊
ဗိုလ်မှူးကြီးကျော်ဝင်း(မိသားစုသမားတော်)တို့နှင့်တွေ့ရသော ဖွဲ့နေဝင်း



အေးနေဝင်းနှင့် ကျော်နေဝင်းတို့ စစ်သားလုပ်တမ်းကစားစဉ်



ရာထူးတာဝန်များမှ အနားယူပြီးနောက်ပိုင်း မြေးများနှင့်အတူ ဆွေမျိုးမင်္ဂလာဆောင်တစ်ခုသို့ တက်ရောက်လာသော ဦးနေဝင်း





ညနေစောင်းတွင် မြေးများနှင့် အတူကစားလေ့ရှိသော ဦးနေဝင်း



## ညနေစောင်းတွင် မြေးများနှင့် အတူကစားလေ့ရှိသော ဦးနေဝင်း



နိုင်ငံခြားဆေးကုသြားရာမှ ပြန်လာသော ဦးနေဝင်းအား ကြိုဆိုနေသော
တပ်မတော်အရာရှိကြီးများ (ဝဲမှယာ -တပ်မတော်ထောက်လှမ်းရေးမှူးချုပ်၊
ရန်ကုန်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)



ဗိုလ်ချုပ်ကြီးချက်ချိုင်းချူနာဝန် (ထိုင်းဝန်ကြီးချုပ်) နှင့်နှုတ်ဆက်နေသော
ဒေါက်တာခင်စန္ဒာဝင်းတို့ သားအမိ



မိသားစု လက်ဖက်ရည်ဝိုင်း (ဝဲမှယာ- ဦးနေဝင်း၊ ဒေါက်တာခင်စန္ဒာဝင်း၊
ဦးဖြိုးဝေဝင်း၊ အေးနေဝင်း၊ ဒေါက်တာကြေးမုံဝင်း၊ ဦးအေးဇော်ဝင်း)



ကျော်နေဝင်း၊ ဇွဲနေဝင်းနှင့်အေးနေဝင်းတို့
ငယ်စဉ်ကတောင်ကြီးမြို့တစ်နေရာတွင် ဗိုလ်ချုပ်ကြီးမောင်အေး၏
သက်တော်စောင့်များနှင့်အတူ တွေ့ရစဉ်



အေဒီလမ်းသို့ အလည်အပတ်ရောက်ရှိလာသော ဆိုဗီယက်ခေါင်းဆောင်ကြီး ခရူးရှော့ဖ်ကို ဗိုလ်ချုပ်ကြီးနေဝင်းနှင့်မိသားစုက ကြိုဆိုဧည့်ခံခဲ့ပုံ။ (သားငယ်ကိုဖြိုးနှင့် နှုတ်ဆက်စကားဆိုနေသူမှာ (နောင်ဆိုဗီယက် ဥသျှောင်သဘာပတိအဖွဲ့ဥက္ကဋ္ဌကြီးဖြစ်လာမည့်) နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကို ဖြစ်သည်။



စတတ် နောက်တတ်သော သူတို့သားအဖ



ညစာစားပွဲတစ်ခုတွင် အမှတ်တရ ဓာတ်ပုံရိုက်စဉ် (နောက်တန်း ဝဲမှယာ - ကျော်နေဝင်း၊ ဖွဲ့နေဝင်း၊ ဦးအေးဇော်ဝင်း၊ ဒေါက်တာခင်စန္ဒာဝင်း၊ အေးနေဝင်း။ ရှေ့တန်း ဝဲမှယာ- ဒေါ်စိုးစိုး(ဘဏ်ဥက္ကဋ္ဌဦးစံလင်းဇနီး) ဒေါ်မြင့်မြင့်ကြီး (ဦးအေးဇော်ဝင်းတို့ မိခင်)



တပ်မတော်နေ့ အထိမ်းအမှတ်မိသားစုအလှူတွင်
စစ်သည်အိမ်ထောင်စုဝင်တစ်ဦးအား နှုတ်ဆက်နေသော အေးနေဝင်း



ထမင်းစားပြီးလျှင် ချက်ပြုတ်၊ စားပွဲထိုးပေးသော ဝန်ထမ်းများကို
ခေါ်ယူနှုတ်ဆက်ကာ ကျေးဇူးတင်ကြောင်းပြောလေ့ရှိသည့်ဦးနေဝင်း



ဦးနေဝင်းအား မြေးများနှင့် တွေ့ရစဉ်



မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာသော စင်ကာပူဝန်ကြီးချုပ်
ဂိုချောက်တောင်နှင့် တာဝန်မှအနားယူနေသော ဦးနေဝင်းတွေ့ဆုံနှုတ်
ဆက်စဉ်



အေးနေဝင်းကို သံအမတ်ကြီး(နောင် နိုင်ငံခြားရေးဝန်ကြီး) ဦးဝင်းအောင်၊
ဇနီးဒေါ်စံယုံတို့နှင့်အတူ လန်ဒန်မြို့ရှိ မြန်မာသံရုံးတွင် တွေ့ရပုံ



မကြေး၊ ကိုဖြိုးနှင့် မစန္ဒာတို့ကို ၁၉၇၀ ပြည့်လွန်နှစ်များက တွေ့ရပုံ



လမ်းလျှောက်တတ်စ မစန္ဒာလေးကို ဖခင်ဗိုလ်ချုပ်နေဝင်းနှင့် တွေ့ရပုံ



ရွှေတိဂုံစေတီတော်ထီးတော်တင်ပွဲတွင် အဖွားလေးဒေါ်ခမွေသီနှင့်
တွေ့ရသော ဒေါက်တာခင်စန္ဒာဝင်း



တိုင်းရင်းသူလေးများနှင့်
ညစာမစားမီအိမ်တော်မြက်ခင်းပြင်တွင်တွေ့ရသော မစန္ဒာဝင်း



# ဦးနေဝင်း၏ သမီးဖြစ်သူ ဒေါက်တာဒေါ်ခင်စန္ဒာဝင်း



ဒေါက်တာခင်စန္ဒာဝင်းကို
ဗိုလ်ချုပ်ကြီးသူရကျော်ထင်ဇနီးဒေါ်ခင်ဝင်းမြင့်နှင့်အတူတွေ့ရစဉ်





ရွှေတိဂုံစေတီသို့ သွားရောက်ဖူးမျှော်ခဲ့ကြသည့် မိသားစု



ရွှေတိဂုံအောင်မြေတွင် မိသားစုကိုတွေ့မြင်ရစဉ်





[illegible]



[illegible]



ဦးဝေအောင်ဝင်း



ဦးမြို့ဝင်း ဦးဝေအောင်ဝင်း ဦးကျော်ဖေဝင်း

●●●

## ထုတ်ဝေသူ အမှာစာ

ကျွန်တော်တို့ မျိုးဆက်သည် တစ်ဖက်တည်းသော စကားများကိုသာ ကြားနာခဲ့ကြရသည်။ တခြားတစ်ဖက်မှ ပြောခွင့်ဆိုခွင့်ကို သိခွင့်ကြားခွင့်မရှိသည့်၊ ကြားသိရန်ကြိုးစားခွင့်မရှိသည့် ကာလရှည်ကြီးတစ်ခုကို ဖြတ်သန်းခဲ့ကြ ရပါသည်။ ရလဒ်အဖြစ် မိမိကြားနာခဲ့ကြရသည်များကို အမှန်တရားအဖြစ် လက်ကိုင်ပြုကာ အကြောင်းအရာတစ်ခု ပေါ်တွင် ဇွတ်မှိတ်ထောက်ခံခဲ့ကြသလို မျက်စိမှိတ်ပြီးလည်း ကန့်ကွက်ခဲ့ကြဖူးပါသည်။ မြန်မာ့စာပေလောကတွင် ဆန့်ကျင်ဘက်အမြင်တို့ကို ဖတ်ရှုကြားနာခွင့်ရသည့်ကာလသည် ဘာမှ ကြာလှသေးသည်တော့မဟုတ်ပါ။ ဘက်ပေါင်းစုံမှ အမြင်ကို သိမြင်ကြားခွင့်ရရှိခြင်းဖြင့် ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းနှင့် ငြင်းပယ်ခြင်း၊ လက်ခံခြင်းတို့သည် ပို၍ အဓိပ္ပာယ်ရှိလာမည်ဟု ထင်မြင်မိပါသည်။ ယခုစာအုပ်သည်လည်း ယင်းကဲ့သို့သော အဓိပ္ပာယ် ပိုမိုရှိလာစေရန် ရည်ရွယ်ကာ စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

**ခင်မင်လေးစားလျက်**

**စိုးမင်းနိုင်**

**(Momentum Book Publishing)**

•••

## သတင်းစာရှင်းလင်းပွဲမှ မှတ်တမ်းဓာတ်ပုံများ












(၆၉)

နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ရဲ့ လွှတ်ငြိမ်းချမ်းသာခွင့်ထဲမှာ

သည်ရက်ပိုင်းထုတ်ပြန်ခဲ့တဲ့ လွတ်ငြိမ်းချမ်းသာ ခွင့်က အားလုံးကို Heart ထိသွားစေတယ်လို့ ဆိုနိုင်တယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ လုပ်ပိုင်ခွင့်နဲ့ နိုင်ငံရေးအကျဉ်း သားတော်တော်များများကို လွှတ်ပေးလိုက်တဲ့အပေါ်မှာ အားလုံးက ကောင်းချီးပေးကြတယ်။ တချို့များ ပြည်ပ သံရုံးတွေအထိသွားပြီး သမ္မတကြီးကို ထောက်ခံကြောင်း စာတစ်တန် ပေတစ်တန် ပို့ကြတဲ့အထိ သမ္မတကြီးအပေါ် ကောင်းချီးပေးခဲ့ကြတယ်။ တချို့များ ပြည်သူ့သမ္မတဆိုတာမျိုးတွေအထိ ဂုဏ်တင်ပြောဆိုမှုတွေ ရှိခဲ့ကြတယ်။ သမ္မတကြီးက နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးလိုက်ရုံတင်မကဘဲ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့် နဲ့ ထောက်လှမ်းရေးအရာရှိကြီးတွေကိုပါ လွှတ်ပေးလိုက်တယ်။ ဒါ့အပြင် အာဏာသိမ်းဖို့ကြံစည်မှု၊ တပ်မတော်ကို သွေးကွဲအောင်ကြံစည်မှုနဲ့ ထောင်သွင်းအကျဉ်းချခံထားရတဲ့ သမ္မတကြီးဟောင်း ဦးနေဝင်းရဲ့ သမက် ဦးအေးဇော်ဝင်း နဲ့ မြေးဖြစ်သူ ကိုဇွဲနေဝင်းတို့ကိုလည်း ထောင်ထဲကနေ ထုတ်ပေးလိုက်တယ်။ အဲသည့်အပေါ်မှာလည်း အားလုံးက တအံ့တသြတွေဖြစ်ကြတယ်။ ကျွန်တော်တို့လည်း အံ့သြခဲ့ရတယ်။ ဦးအေးဇော်ဝင်းနဲ့ ကိုဇွဲနေဝင်းတို့အမှုဆိုရင် ၂၀၀၂ ခုနှစ်က ဖြစ်ပွားခဲ့တဲ့အမှု၊ သတင်းစာတွေ TV တွေထဲမှာ ဟိုးဟိုးကျော်ခဲ့တဲ့အမှု၊ ဓာတ်ပုံတွေ အထောက်အထားတွေ နဲ့ ခိုင်ခိုင်လုံလုံ ဖွင့်ချခဲ့တဲ့အမှု ...။ သတင်းစာတွေထဲမှာ အခိုင်အမာဖော်ပြခဲ့တဲ့အမှု။

•••

**အာဏာသိမ်းရန်ကြံစည်မှုနှင့် တပ်မတော်အတွင်း ပဋိပက္ခဖြစ်စေရန် လုပ်ဆောင်မှုကြောင့် ဦးအေးဇော်ဝင်းနှင့် သားများဖြစ်သူ**

**အေးနေဝင်း၊ ကျော်နေဝင်း နှင့် ဇွဲနေဝင်းတို့အား ထိန်းသိမ်း**

**စည်းလုံးညီညွတ်မှုပျက်ပြားစေ၍**

## တပ်ပြိုကွဲစေသည့်လုပ်ရပ်ဖြစ်သည့်အပြင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို

## ပျက်ပြားစေသောလုပ်ရပ်ဖြစ်၍ အရေးယူ

## ရန်ကုန် မတ် ၉

ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့်တွေ့ဆုံ၍ အထူးသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ မွန်းလွဲ(၂)နာရီ တွင် ရန်ကုန်မြို့၊ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပသည်။ အထူးသဖြင့် သတင်းစာရှင်းလင်းပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင် သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် ပြန်ကြားရေးဆိုင်ရာတာဝန်ရှိသူများ၊ ကျိုဒိုသတင်းဌာနမှ သတင်းထောက်ဦးစိန်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အချိန်မီထိန်းသိမ်း

တွေ့ဆုံပွဲတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ရှင်းလင်းပြောကြားရာတွင် ရန်ကုန်မြို့၊ မေခလမ်းနေ ဦးအေးဇော်ဝင်းနှင့် သားများဖြစ်သူ အေးနေဝင်း၊ ကျော်နေဝင်းနှင့် ဇွဲနေဝင်းတို့အား နိုင်ငံတော်အာဏာသိမ်းရန်ကြံစည်မှုနှင့် တပ်မတော်အတွင်း သွေးခွဲ၍ ပဋိပက္ခဖြစ်စေရန် လှုပ်ရှားဆောင်ရွက်မှုများ ကြောင့် သက်ဆိုင်ရာက

အချိန်မီထိန်းသိမ်းလိုက်ကြောင်း။

## ကြံ့တင်သတင်းရရှိ

ဦးအေးဇော်ဝင်းနှင့် သားများဖြစ်သူ အေးနေဝင်း၊ ကျော်နေဝင်းနှင့် ဇွဲနေဝင်းတို့သည် တပ်အင်အားအချို့နှင့် ခေါင်းဆောင်အချို့ကို စည်းရုံးသိမ်းသွင်းပြီး နိုင်ငံတော်အာဏာသိမ်းယူရန်နှင့် နိုင်ငံခေါင်းဆောင်များ အပြောင်းအလဲ တစ်ရပ် ပြုလုပ်ရန် ကြံစည်လျက်ရှိကြောင်း၊ ၂၀၀၂ ခုနှစ်၊ မတ်လ (၇)ရက်နေ့တွင် တပ်မှူးကြီးတစ်ဦးကို စည်းရုံး သိမ်းသွင်း၍ အဆိုပါ အာဏာသိမ်းရန်အတွက် တိုင်ပင်ဆွေးနွေးရန် စားသောက်ဆိုင်တစ်ခု၌ ချိန်းဆိုထားကြောင်း ကြိုတင်သတင်းရရှိသည့်အတွက် သက်ဆိုင်ရာက စောင့်ဆိုင်း၍ ထိန်းသိမ်းခဲ့ကြောင်း။

## စည်းရုံးသိမ်းသွင်းရန် ကြိုးစားခဲ့

စစ်ကြောမေးမြန်းချက်များအရ ဦးအေးဇော်ဝင်းနှင့်သားများသည် ၎င်းတို့ ပိုင်ဆိုင်သော ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းအချို့တွင် နိုင်ငံတော်၏ မူဘောင်များနှင့် ကိုက်ညီမှုမရှိသည့်အတွက် နိုင်ငံတော်၏ စနစ်တကျ သတ်မှတ်ချက်များကြောင့် ၎င်းတို့တွင် စီးပွားရေးထိခိုက်နစ်နာဆုံးရှုံးမှုများအပေါ် ခံစားချက်ရှိခဲ့ကြောင်း၊ ယခင်ခေတ်ကာလ ကဲ့သို့ အထူးအခွင့်အရေးများ မရရှိသောကြောင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများကို နိုင်ငံတော်အစိုးရက စီးပွားရေးပိုင်ဆိုင်ရာတွင် အခွင့်အရေးပေးလျက်ရှိသည်ကို မကျေနပ်သောကြောင့်လည်းကောင်း၊ နိုင်ငံတော် အကြီး အကဲများဦးဆောင်၍ ဆောင်ရွက်နေသည့် နိုင်ငံရေးနှင့် စီးပွားရေးပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသောကြောင့်လည်းကောင်း တပ်အင်အားကိုအသုံးပြု၍ နိုင်ငံထိပ်တန်းခေါင်းဆောင်များကို အပြောင်း အလဲပြုလုပ်ပြီး ၎င်းအစိုးရအဖွဲ့သစ်တစ်ခုဖွဲ့စည်းရန် ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း၊

ယခင်တုန်းက ရင်းနှီးသိကျွမ်းခဲ့သည့် တပ်မှူးကြီးတစ်ဦးကို တို့၏ အစီအမံများအား ဖွင့်ဟတိုင်ပင်စည်းရုံး၍ အကောင်အထည်ဖော်ရန် ကြံစည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလားတူ အခြားရင်နှီးသူ တပ်မှူးကြီးအချို့ကိုလည်း စည်းရုံးသိမ်းသွင်းရန် ကြိုးစားခဲ့သည်ဟုဖော်ထုတ်သိရှိရကြောင်း။ အထက်ဖော်ပြပါ ကြံစည်အားထုတ်လှုပ်ရှားဆောင်ရွက်ချက်များသည် တပ်တွင်းစည်းလုံးညီညွတ်မှုပျက်ပြား၍ တပ်ပြိုကွဲစေသည့်လုပ်ရပ်ဖြစ်သည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ပျက်ပြားစေသည့်လုပ်ရပ်ဖြစ်သဖြင့် သက်ဆိုင်ရာက အချိန်မီ ထိန်းသိမ်းနိုင်ခဲ့ပြီး လိုအပ်သော အရေးယူဆောင်ရွက် မှုများ ပြုလုပ်လျက်ရှိကြောင်း။

အဆိုပါ ဦးအေးဇော်ဝင်းသည် ဦးနေဝင်း၏ သမက်၊ ဒေါ်ခင်စန္ဒာဝင်း၏ ခင်ပွန်းဖြစ်ပြီး အေးနေဝင်း၊ ကျော်နေ ဝင်း၊ ဇွဲနေဝင်းတို့သည် ဦးနေဝင်း၏ မြေးများဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အထူးသတင်းစာရှင်းလင်းပွဲကို မွန်းလွဲ (၂)နာရီ (၁၅)မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**မြန်မာ့အလင်းသတင်းစာ**

**၂၀၀၂ ခုနှစ်၊ မတ် (၁၀)ရက်၊ တနင်္ဂနွေနေ့၊**

**အတွဲ (၃၉)၊ အမှတ် (၁၆၁)မှ**

**•••**

**ဦးနေဝင်း၏ မိသားစုများ နိုင်ငံတော်အာဏာသိမ်းယူမှုနှင့် တပ်မတော်ဖြိုခွဲရေးကြိုးပမ်းမှုတွင် ပါဝင်နေ**

**ဦးအေးဇော်ဝင်း၊ ဒေါ်ခင်စန္ဒာဝင်းနှင့်သားများ ဦးနေဝင်း၏**

## လုံခြုံရေးတပ်ဖွဲ့အား ခါးပိုက်ဆောင်တပ်အသွင်အသုံးချ ကျော်နေဝင်းက

## တပ်ခွဲမှူးအား တိုင်းပြည်တွင် ခေါင်းဆောင်များ အချိန်းအပြောင်းလုပ်ရန် အစီအစဉ်ရှိကြောင်းပြောကြား တပ်မတော်နေ့မတိုင်မီ

## နိုင်ငံ့ခေါင်းဆောင်အပြောင်းအလဲလုပ်ရန်ကိစ္စကို လုပ်ဖော်ကိုင်ဖက်အချို့နှင့် အရိပ်အမြွက်တိုင်ပင်

## ဘိုးတော်ဆိုသူတစ်ဦးကို ဖွင့်ဟပြောဆိုပြီး အောင်မြင်စေရေး စောင့်ရှောက်ပေးရန်ပြောကာ ငွေကျပ်သုံးသိန်းပေးခဲ့

## ရန်ကုန် မတ် ၁၈

နိုင်ငံတော်အာဏာသိမ်းရန် ကြံစည်မှုနှင့် တပ်မတော်အတွင်း သွေးခွဲ၍ ပဋိပက္ခဖြစ်စေရန် လှုပ်ရှားဆောင်ရွက် မှုများကြောင့် သက်ဆိုင်ရာက အချိန်မီ ထိန်းသိမ်းခဲ့ပြီးနောက် ထပ်မံဖော်ထုတ်ရရှိသည့် အချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့်တွေ့ဆုံကာ အထူးသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ မွန်းလွဲ (၁၂)နာရီ (၁၅)မိနစ်တွင် ရန်ကုန်မြို့၊ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပသည်။

အဆိုပါ အထူးသတင်းစာရှင်းလင်းပွဲသို့ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်း၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျိုဒိုသတင်းဌာနမှ သတင်းထောက်ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ ဆိုင်ရာ နိုင်ငံခြားသတင်းထောက်များအသင်းမှ နာယကဦးလှထွေး၊ ဥက္ကဋ္ဌဦးစဝ်ကိုင်ဖ၊

အသင်းဝင်သတင်းထောက်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အထူးသတင်းစာရှင်းလင်းပွဲတွင် ရှေးဦးစွာ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ရှင်းလင်းပြောကြားရာ၌ သတင်းစာဆရာကြီးများကို မတ်လ (၁၂)ရက်နေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ တွင် ဦးအေးဇော်ဝင်းနှင့် သားများဖြစ်ကြသည့် အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့၏ နိုင်ငံတော်အာဏာသိမ်း ယူရန် ဆောင်ရွက်ခဲ့သည့် လုပ်နည်းလုပ်ဟန်များကို ရှင်းလင်းအသိပေးပြီးဖြစ်ပါကြောင်း။

## ထပ်မံဖော်ထုတ်သိမ်းဆည်းရမိ

ယခုအပတ်တွင် ထပ်မံဖော်ထုတ်သိမ်းဆည်းရခဲ့သည့် သက်သေအထောက်အထားအချို့ဖြစ်သည့် ဆက်သွယ်ရေး စက်များ၊ စစ်ဝတ်ပစ္စည်းများ၊ တံဆိပ်များ၊ မော်တော်ယာဉ်များနှင့် သက်သေအဖြစ် ဖော်ထုတ်ရရှိခဲ့သည့် လူပုဂ္ဂိုလ် များအကြောင်းကို ရှင်းလင်းအသိပေးမှာဖြစ်ကြောင်း။

ဦးနေဝင်း အနီးကပ်လုံခြုံရေးအတွက် တပ်မတော်မှ တပ်ခွဲမှူးတစ်ဦး ဦးစီးသည့် တပ်ခွဲတစ်ခွဲကို လုံခြုံရေး တာဝန် ထမ်းဆောင်စေခဲ့ကြောင်း။ ယခင်က တပ်ခွဲမှူးအဆက်ဆက် တာဝန်ထမ်းဆောင်စဉ် အေးနေဝင်း၊ ကျော် နေဝင်း၊ ဇွဲနေဝင်းတို့ ညီအစ်ကိုများနှင့် တပ်ခွဲမှူးများ၏ ဆက်ဆံရေးသည် ပုံမှန်သာရှိခဲ့ကြသော်လည်း လွန်ခဲ့သည့် (၂)နှစ်ကာလအတွင်း တာဝန်ကျသည့် တပ်ခွဲမှူးကို အထူးအခွင့်အရေးများပေးပြီး ရင်းနှီးအောင်၊ သြဇာသက်ရောက် မှုရှိအောင် ပေါင်းသင်းခဲ့သည်ဟု သိရကြောင်း။

## သြဇာခံအောင် စည်းရုံးသိမ်းသွင်း

ကျော်နေဝင်းသည် တပ်ခွဲမှူးကို လစဉ် ငွေကျပ် (၅)သောင်း ပံ့ပိုးပေးထားပြီး တရင်းတနှီးနှင့် သြဇာခံအောင် စည်းရုံးသိမ်းသွင်းခဲ့သည်ကို

တွေ့ရကြောင်း၊ တပ်ခွဲမှူးသည် ယခု မတ်လထဲတွင် တပ်ရင်းမှူးသင်တန်းတက်ရောက်ရန် ရှိကြောင်းကိုလည်း တပ်ခွဲမှူးက ဖေဖော်ဝါရီလထဲတွင် ကျော်နေဝင်းအား အသိပေးပြောကြားခဲ့ကြောင်း၊ ကျော် နေဝင်းက တပ်ခွဲမှူးကို တပ်မတော်နေ့မတိုင်မီ မတ်လထဲတွင် တပ်မှူးကြီးတစ်ဦးနှင့် တိုင်ပင်ညှိနှိုင်းပြီး တိုင်းပြည်မှာ ခေါင်းဆောင်များ အချိန်းအပြောင်းလုပ်ရန် အစီအစဉ်ရှိကြောင်း၊ တိုင်းမှူးတစ်ဦးကို ဦးစီးချုပ်အဖြစ် ခန့်အပ်ရန် စီစဉ်ထားကြောင်း၊ ဤသို့ အရေးကြီးသည့်အချိန်တွင် အဘိုးဖြစ်သူ ဦးနေဝင်းအနီးတွင် စိတ်ချရသည့် လုံခြုံရေး တပ်ခွဲမှူးအနေဖြင့် ရှိသင့်ကြောင်း၊ သင်တန်းကင်းလွတ်ခွင့်ရအောင် ကျော်နေဝင်းအနေဖြင့် သက်ဆိုင်ရာကို တင်ပြပေးမည်ဟု ပြောဆိုခဲ့ကြောင်း သိရကြောင်း။ ဖေဖော်ဝါရီလ နောက်ဆုံးအပတ်ထဲတွင် အေးနေဝင်းကိုယ်တိုင် တွဲဖက်စစ်ရေးချုပ်ထံသွားရောက်ပြီး တပ်ခွဲမှူးကို သင်တန်းကင်းလွတ်ခွင့်ရရန် ပြောကြားခဲ့ကြောင်း၊ အကြောင်းပြချက်ကတော့ ဦးနေဝင်းမှာ မကြာသေးခင်က စင်ကာပူတွင် နှလုံးခွဲထားရသဖြင့် အနီးကပ်ပြုစုစောင့်ရှောက်သူ အခြားအရာရှိ အချိန်းအပြောင်းမလုပ်လိုကြောင်း၊ အလိုက်သိသိ ဆောင်ရွက်ပေးမည့်သူတစ်ဦး လျော့နည်းသွားမည်ကို စိုးရိမ်သဖြင့် လုံခြုံရေးတပ်ခွဲမှူးကို သင်တန်းကင်းလွတ်ခွင့်ပေးရန်ပြောဆိုခဲ့ကြောင်း၊ တွဲဖက်စစ်ရေးချုပ်က ဤကိစ္စသည် သူနှင့် မဆိုင်ကြောင်း၊ သက်ဆိုင်ရာတပ်ရင်းမှ တိုင်းစစ်ဌာနချုပ်သို့ အဆင့်ဆင့်တင်ပြရန် ပြန်လည် ပြောကြားလိုက်သည်ဟု သိရကြောင်း။

တစ်ပြိုင်တည်းပင် လုံခြုံရေးတပ်ခွဲမှူးကလည်း တပ်ရင်းမှူးထံ ဦးနေဝင်းမွေးနေ့ပွဲလုပ်ရန်ရှိသည့်အတွက် ယခု တစ်ပတ် သင်တန်းမတက်ရန် မိသားစုက ပြောဆိုကြောင်းကို သတင်းပို့ခဲ့သည့်အတွက် တပ်ရင်းမှူးက တိုင်းစစ်ဌာန ချုပ်သို့ အဆင့်ဆင့်တင်ပြပြီး သင်တန်းမှ ကင်းလွတ်ခွင့်တောင်းခံပေးခဲ့ရသည်ဟု သိရကြောင်း။ ယခု သက်ဆိုင်ရာ က

ရှာဖွေစစ်ဆေးသည့်အခါမှ တပ်ခွဲမှူး၏ သေတ္တာများထဲမှ
လမ်းလျှောက်စကားပြောစက် (၇၂)လုံးနှင့်အတူ ဘက်ထရီ ဓာတ်ခဲများ၊
အားသွင်းစက်များ၊ နားကြပ်များ၊ ချပ်ဝတ်တန်ဆာများအပြင်
ကျော်နေဝင်းမိသားစုက သီးခြားပြုလုပ် ပေးထားသော ပစ္စည်းများဖြစ်သည့်
ပြောက်ကျားမိုးကာအကျႌ၊ ပြောက်ကျားလျှာထိုးဦးထုပ်၊ ပြောက်ကျားလည်ရှည်
ဖိနပ်၊ ပြောက်ကျားပစ္စတိုအိတ်၊ ဓားမြှောင်အိတ်၊ ကျည်အိတ်တို့ကို
သိမ်းဆည်းရမိခဲ့ကြောင်း။ ယင်းပစ္စည်းများထဲမှ ခါးပတ်၊ ချပ်ဝတ်တန်ဆာနှင့်
ကျည်ကပ်အိတ်၊ သေနတ်အိတ်အချို့သည် နိုင်ငံခြားဖြစ်ပစ္စည်းများဖြစ်ပြီး
ကျော်နေဝင်း စင်ကာပူက ဝယ်ယူလာခြင်းဖြစ်သည်ဟု သိရကြောင်း။

## တံခါးပိတ်ဆွေးနွေးခဲ့

ထို့အပြင် ကျော်နေဝင်းသည် သူနှင့် ရင်းနှီးသည့်
လုပ်ဖော်ကိုင်ဖက်အချို့ကိုလည်း တပ်မတော်နေ့မတိုင်မီ နိုင်ငံ့ခေါင်းဆောင်
အပြောင်းအလဲလုပ်ရန်ကိစ္စအတွက်
အရိပ်အခြွမက်ထုတ်ဖော်ပြောဆိုတိုင်ပင်ခဲ့ကြောင်းကို စုံစမ်း စစ်ဆေးချက်များအရ
သိရှိရကြောင်း။ ထို့အပြင် အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့ ညီအစ်ကို
(၃)ယောက် သည် သူတို့လုပ်မည့်အစီအမံများ ချောချောမောမော အောင်မြင်စေရန်
သူတို့ယုံကြည်ကိုးကွယ်နေသည့် ဘိုးတော် ဆိုသူပုဂ္ဂိုလ်တစ်ဦးကို ဖွင့်ဟပြောဆိုပြီး
အောင်မြင်စေရန် စောင့်ရှောက်ပေးရန်ပြောဆိုပြီး အလှူငွေကျပ် (၃)သိန်း
ပေးခဲ့သည်ဟု သိရကြောင်း။ လုပ်ဖော်ကိုင်ဖက်ထဲက သက်သေများ၏
ထွက်ဆိုချက်အရ ဒေါ်ခင်စန္ဒာဝင်းအပါအဝင် သားအမိသားအဖ (၅)ယောက်သည်
လွန်ခဲ့သည့်လကစပြီး ပုံမှန်မဟုတ်သည့် တံခါးပိတ်တွေ့ဆုံဆွေးနွေးမှုများ မကြာ
ခဏ ပြုလုပ်လေ့ရှိကြောင်း။ (၇၊ ၃၊ ၂၀၀၂)ရက် နေ့လယ်ပိုင်း အေးနေဝင်းတို့
ညီအစ်ကို (၃)ယောက် တပ်မှူးကြီး ထံ မသွားမီအထိ
တံခါးပိတ်တွေ့ဆုံဆွေးနွေးမှုကို ပြုလုပ်ခဲ့သည်ဟု သိရကြောင်း။

## တပ်ဖွဲ့ခွဲရေး ကြိုတင်ကြံရွယ်ချက်ရှိ

ကျော်နေဝင်းသည် ထိုတပ်ခွဲတွင်ရှိသည့် စစ်သည်များအတွက် သီးသန့် ယူနီဖောင်းများဝယ်ယူကာ စစ်ဝတ်စုံ တစ်စုံစီအပြင် ကျည်ကာအကျႌမှအစ ပြောက်ကျားလျှာထိုးဦးထုပ်၊ ခရာကြိုး၊ တိုက်ပွဲဝင်ဖိနပ်၊ ခြေပတ်၊ ခါးပတ်တို့ အပြင် အနွေးထည်ပြောက်ကျားရောင်နှင့် အစိမ်းရောင် နှစ်ဖက်လှ ဂျာကင်များကိုပါ ပေးထားသည်ကို တွေ့ရကြောင်း။ ထိုလုံခြုံရေးတပ်ခွဲမှာ တပ်၏ ထုံးစံအရ တာဝန်ရှိသူများက စစ်သည်များ၏ ဝတ်စားဆင်ယင်မှုကို အလှည့်ကျ စစ်ဆေးကျရကြောင်း၊ တနင်္လာနေ့တိုင်း အလှည့်ကျတာဝန်ကြပ်ကြီးများက စစ်ဆေးပြီး လ၏ နောက်ဆုံးပတ်တိုင်းတွင် တပ်ခွဲမှူးက စစ်ဆေးလေ့ရှိကြောင်း။ ထိုလ၏ နောက်ဆုံးပတ်တိုင်းတွင် ကျော်နေဝင်းနှင့် ဖွဲ့နေဝင်းကလည်း တပ်ခွဲ မှူးနှင့်အတူ ဝင်ရောက်စစ်ဆေးလေ့ရှိသည်ဟု သိရကြောင်း။ ထို့အပြင် အိပ်ဆောင်အတွင်းမှာလည်း စစ်သည်များ၏ အိပ်ရာခင်းကျင်းမှုနှင့်ပတ်သက်၍ စစ်ဆေးသည့်အခါတွင်လည်း ကျော်နေဝင်း၊ ဖွဲ့နေဝင်းတို့က တပ်ခွဲမှူးနှင့်အတူ လိုက်ပါလာပြီး လိုက်လံကြည့်ရှုစစ်ဆေးမှုပြုလုပ်လေ့ရှိသည်ကို သိရကြောင်း။ ဤသို့ တပ်စစ်ဆေးမှုလုပ်ရာတွင် တပ်၏ အကြီးအကဲ အဆင့်ဆင့်ကသာ မိမိတပ်ကို စစ်ဆေးသည့်ထုံးစံရှိသည်ကို အရပ်သားများဖြစ်သည့် ကျော်နေ ဝင်းနှင့် ဖွဲ့နေဝင်းတို့က တပ်ထုံးစံကို ကျော်လွှမ်းပြီး ဝင်ရောက်စစ်ဆေးမှုပြုလုပ်ခြင်းသည် တပ်အပေါ် ဩဇာလွှမ်းမိုး မှုရှိစေရန် တပ်ဖွဲ့ခွဲရေးအတွက် ကြိုတင်ကြံရွယ်ချက်ရှိနေသည်ဆိုသော သဘောမျိုး သက်ရောက်လျက်ရှိနေကြောင်း။

## အခမ်းအနားပုံစံဖြင့် ဆုချီးမြှင့်

အဆိုပါ တနင်္လာနေ့ ဝတ်စားဆင်ယင်မှုစစ်ဆေးခြင်းနှင့် နေ့စဉ် အိပ်ဆောင် စစ်ဆေးခြင်းများကို အမှတ်ပေး စနစ်ပြုလုပ်ထားပြီး ပထမ၊ ဒုတိယ၊ တတိယ နှစ်အခါအားလျော်စွာ နှစ်သိမ့်ဆု (၂)ဆု ပေးလေ့ရှိသည်ဟု သိရ ကြောင်း။

ပထမဆု ကျပ် (၇)ထောင်၊ ဒုတိယဆု ကျပ်(၅)ထောင်၊ တတိယဆု ကျပ်(၃)ထောင်နှင့် နှစ်သိမ့်ဆု (၂)ဆု ကို ကျပ် (၁)ထောင်စီ သတ်မှတ်ပြီး အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့က ကိုယ်တိုင်ကိုယ်ကျ ဆုချီးမြှင့်ပေးခဲ့သည်ဟု သိရကြောင်း။ ထို့အပြင် လစဉ် လ၏ ပထမပတ် ဗုဒ္ဓဟူးနေ့တိုင်းမှာ အနီးကပ် တပ်ခွဲက စစ်သည်များကို တပ်ခွဲရုံးမှာ နေ့လယ်စာ စားပွဲများ ပုံမှန်ပြုလုပ်ပေးပြီး ပထမဆုကို အေးနေဝင်းကလည်းကောင်း၊ ဒုတိယဆုကို ကျော်နေဝင်းကလည်းကောင်း၊ တတိယဆုကို ဇွဲနေဝင်းကလည်းကောင်း အခမ်းအနားပုံစံဖြင့် ပြုလုပ်ပြီး ချီးမြှင့်ပေး သည်ဟုလည်း သိရကြောင်း။

## ဆီဒိုးနား၌ ဂုဏ်ပြု

ကျော်နေဝင်းအနေဖြင့် ထိုတပ်ခွဲကို အားကစားပွဲများကျင်းပပေးပြီး အားကစားဝတ်စုံများ ဝယ်ပေးလေ့ရှိကြောင်း လည်း သိရကြောင်း။ တပ်ခွဲအလိုက် ဘောလုံးပြိုင်ပွဲနှင့် ဆုရအသင်း ဂုဏ်ပြုပွဲကို ဆီဒိုးနားဟိုတယ်၌ ကျော်နေဝင်း က အကုန်အကျခံပြုလုပ်ပေးသည်မှာ (၂)ကြိမ်ရှိပြီဖြစ်သည်ဟု သိရကြောင်း၊ ဤဂုဏ်ပြုပွဲများကို အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းနှင့် ၄င်းတို့၏ အနီးကပ်လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် စုစုပေါင်းအင်အား (၁၂၀)ခန့် တက်ရောက်ခဲ့ကြောင်း။ ယင်းညစာစားပွဲတွင် ညစာအဖြစ် စားသောက်ဖွယ်ရာများနှင့် ဧည့်ခံပြီးနောက် တပ်ရင်းမှူး နှင့် ကျော်နေဝင်းတို့က ကျေးဇူးတင်စကားပြောကြားကြကြောင်း။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရကြောင်း။ တပ်ရင်းဘောလုံးအသင်းနှင့် အနိုင်ရ လုံခြုံရေးတပ်ခွဲဘောလုံးအသင်းတို့ကို တစ်ဦးလျှင််ဂျကမေအဖ လက်ပတ်နာရီတစ်လုံး၊ Walk Man ရေဒီယိုကက်ဆက်တစ်လုံးနှင့် ငွေသား ကျပ်တစ်သောင်းငါးထောင်ပါသော အိတ် တစ်အိတ်စီကို ကျော်နေဝင်းက ဆုအဖြစ်ပေးခဲ့ကြောင်းလည်း သိရကြောင်း။

## ကိုယ်ပိုင်တပ်သဖွယ် စည်းရုံးထား

ထို့အပြင် ကျော်နေဝင်းက ငွေကြေးစိုက်ထုတ်ပြီး လုံခြုံရေးတပ်ခွဲသက်သာချောင်ချိရေးအတွက် ကြက်ခြံ (၃)ခြံ၊ ငုံးခြံ (၁)ခြံ၊ နွားခြံ (၁)ခြံတို့ကို တည်ထောင်ပေးထားကြောင်းလည်း သိရကြောင်း။ ငပလီကဲ့သို့သော အပန်းဖြေစခန်း သို့လည်း ထိုတပ်ခွဲမှအရာရှိနှင့် စစ်သည်အချို့ကိုပါခေါ်ပြီး အပျော်ခရီးထွက်ခဲ့ကြကြောင်း။ ယခု ပြောကြားခဲ့သည့် လုပ်ရပ်များသည် တပ်မတော် တပ်ရင်းတစ်ရင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် တပ်ခွဲတစ်ခွဲကို အခွင့်အရေးတွေ အများအပြားပေးပြီး ပုဂ္ဂိုလ်ရေးအရ စည်းရုံးထားသည်ကိုတွေ့ရကြောင်း။ တပ်ခွဲအဆင့်လောက်က ဘောလုံးကန်သည့် ကိစ္စကို ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲလုပ်ပြီး တန်ဖိုးကြီးလက်ဆောင်များပေးသည်ဆိုသည့်ကိစ္စသည် ငွေကုန်ကြေး ကျခံပြီး ကိုယ်ပိုင်တပ်သဖွယ်ဖြစ်လာအောင် စည်းရုံးထားသည်ဆိုတာ ထင်ရှားကြောင်း။

## မိသားစုအာဏာတည်မြဲရေး

သက်ဆိုင်ရာက ကျော်နေဝင်း၏ နဝရတ်ဟိုတယ်တွင်ရှိသည့် Golden Crown Co.,Ltd ကို ဝင်ရောက်ရှာဖွေ ရာတွင် THARNE & THARNE ဂြိုဟ်တုဖုန်းတစ်လုံး၊ PASTI ဂြိုဟ်တုဖုန်း (၄)လုံး၊ ERRICSSON ဂြိုဟ်တု ဖုန်း တစ်လုံးနှင့်အတူ ဆက်သွယ်ရေးစက်များ၊ GSM တယ်လီဖုန်းများနှင့် ယာဉ်တင် အချက်ပြမီးနီများ ထပ်မံ သိမ်းဆည်းရရှိခဲ့ကြောင်း။ ထို့အပြင် ထူးခြားချက်တစ်ခုမှာ အေးနေဝင်း၏ ရုံးခန်းကို ရှာဖွေသည့်အခါတွင် နိုင်ငံတော် တံဆိပ်ပုံစံနှင့် ဆင်တူတံဆိပ်တစ်ခု၏ ရွှေချည်ထိုးကားချပ်တစ်ချပ်နှင့် ထို ရွှေချည်ထိုးကားချပ်တွင် ပါသည့် တံဆိပ် အတိုင်း ရိုက်နှိပ်ထားသော GREETING CARD များကို တွေ့ရကြောင်း။ GREETING CARD အတွင်း၌ ဦးနေဝင်းအပါအဝင် ဦးအေးဇော်ဝင်း၊ ဒေါ်ခင်စန္ဒာဝင်းနှင့် သားများဖြစ်ကြသော အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲ နေဝင်းတို့ စုပေါင်းရိုက်ထားသည့် မိသားစုဓာတ်ပုံပါသည်ကို တွေ့ရကြောင်း။ ယခု ကတ်ပြားနှင့် စာအိတ် (၃၅၀)ကို တွေ့ရှိသိမ်းဆည်းထားကြောင်း။

ရွှေချည်ထိုးကားချပ်ပါ တံဆိပ်နှင့်ပတ်သက်၍ ၂၀၀၁ ခုနှစ်၊ နှစ်ဆန်းပိုင်းကစပြီး
အေးနေဝင်းက မိသားစုအမှတ်တံဆိပ်အဖြစ် တည်ထွင်ခဲ့ခြင်းဖြစ်ကြောင်း
သိရကြောင်း။ နိုင်ငံခြားတိုင်းပြည်များတွင် လူကုံထံအသိုင်းအဝိုင်း၌ ကိုယ်ပိုင်
အမှတ်တံဆိပ်များ ထားရှိလေ့ရှိတာကြောင့် သူတို့အနေဖြင့်လည်း ထိုအနောက်
တိုင်း အတုကိုယူပြီး နှစ်ဖက်မိဘများ၏ မျိုးရိုးဂုဏ်ကို ဖော်ညွှန်းသည့်
သင်္ကေတများနှင့် ပုံဖော်ခဲ့တာတွေ့ရကြောင်း။ ထိုတံဆိပ်တွင် ဒေါင်းကို
မကိုဋ်ဆောင်းထားသည့်ပုံကို အပေါ်ဆုံးထိပ်မှာတင်ထားပြီး ယခင်အပတ်
သတင်းစာရှင်း လင်းပွဲတွင် ရှင်းပြခဲ့သည့် ဓား(၃)လက်၊ ကျား၊ စောင်းနှင့် ငါးရံ့ပုံပါ
လက်မောင်းတံဆိပ်ကို အလယ်မှာဖော်ပြထား ကြောင်း။ ထို လက်မောင်းတံဆိပ်၏
ဝဲဘက်တွင် သံလျက်ကိုင်ထားသော ခြသေ့်ပုံဖော်ထားကြောင်း။ အဓိပ္ပာယ်မှာ မိခင်
ဒေါ်ခင်စန္ဒာဝင်းသည် အင်္ဂါသမီးဖြစ်သဖြင့် ခြသေ့်မှာ မိခင်ကို ကိုယ်စားပြုကြောင်း။
သံလျက်ကိုင်ထားသည့် အဓိပ္ပာယ်မှာ ဇင်းတို့ညီအစ်ကို (၃)ယောက်ကို
အုပ်ချုပ်ညွှန်ကြားနေသည့် အဓိပ္ပါယ်ကိုဖော်ညွှန်းကြောင်း သိရ ကြောင်း။
လက်မောင်းတံဆိပ် ယာဘက်မှာ ထီးဖြူးဆောင်းထားသည့် ဒေါင်းပုံဖော်ထားရာ
ဒေါင်းပုံမှာ ဦးနေဝင်း ဖြစ်ပြီး ဦးနေဝင်းကို
ထီးဖြူဆောင်းပေးထားခြင်းမျိုးဖြစ်သည်ဟု သိရကြောင်း။ အောက်မှာတော့ ပညာ၊
သဒ္ဒါ၊ သမာ၊ ဝီရိ စာတန်းကိုရေးထားကြောင်း။ အေးနေဝင်း၏ ပြောကြားချက်အရ
မိသားစုတံဆိပ်ဟုပြောသော်လည်း
နိုင်ငံတော်တံဆိပ်နှင့်ပုံတူယိုးမှားဖန်တီးထားတာ တွေ့ရကြောင်း။
တံဆိပ်မှာပါဝင်သည့် သံလျက်တို့၊ ထီးဖြူတို့၊ မကိုဋ်တို့ ဖော်ပြထားခြင်းသည်လည်း
ဘုရင်၏ အဆောင်အယောင်တွေကို ထည့်သွင်း ထားတာဖြစ်လို့ ဘုရင့်မိသားစု၏
ပုံသဏ္ဍာန်ဖော်ဆောင်ထားခြင်းကဲ့သို့ဖြစ် နေကြောင်း။ ယင်းကိုကြည့်ခြင်းအားဖြင့်
ဦးနေဝင်း၏ မိသားစုသည် သူတို့ ကိုယ်သူတို့ (ROYAL FAMILY)
ဘုရင့်မိသားစုအသွင်သဏ္ဍာန်မျိုး ဖော်ဆောင်နေကြသည်ဟု ခန့်မှန်း၍ ရကြောင်း။
အကယ်၍ များ သူတို့အာဏာရသွားလျှင် ဘုရင်စနစ်ထူထောင်ပြီး

မိသားစုရာသက်ပန်အာဏာမြဲရေးဆောင်ရွက် သွားမလားဟုပင် ထင်ရကြောင်း။

## တရားမဝင်တင်သွင်းလာ

ကျော်နေဝင်း၏ စေခိုင်းချက်အရ နဝရတ်ဟိုတယ်မှာရှိသည့် ပြည့်စုံကျော်ထရေးဒင်းကုမ္ပဏီဒါရိုက်တာ ဝေလင်းဆန်း သည် ကျော်နေဝင်းအတွက် တရားမဝင်လိုင်စင်မဲ့ကားတွေကို ဝယ်ပေးခဲ့ရကြောင်း။ ကျော်နေဝင်းသည် ဝေလင်း ဆန်းအပြင် တခြားကားပွဲစားတွေထံမှလည်း လိုင်စင်မဲ့မော်တော်ယာဉ်တွေသွား ရောက်ဝယ်ယူစေခဲ့ကြောင်း။ ဝယ်လို့ရသည့် လိုင်စင်မဲ့ယာဉ်တွေအနက် တချို့ယာဉ်တွေကို အမြတ်တင်ပြန်လည်ရောင်းချပြီး အချို့ယာဉ်တွေကို နံပါတ်အတုတပ်ဆင်ပြီး မိသားစုစီးရန် စီစဉ်ထားသည့်အပြင် ကုမ္ပဏီတွင်သုံးစွဲခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း။ ပြီးခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် လိုင်စင်မဲ့မော်တော်ယာဉ်(၁၅)စီးနှင့်ပတ်သက်၍ တင်ပြခဲ့ပြီဖြစ်ကြောင်း။ ထိုသို့ လိုင်စင်မဲ့ ယာဉ်များသုံးစွဲမှုနှင့်ပတ်သက်၍ သတင်းကွင်းဆက်များ ပြန်ဖော်ပြရမည်ဆိုလျှင် (၂၀၀၂)၊ဖေဖော်ဝါရီ (၆)ရက်က ရှမ်းပြည်နယ် နမ့်စန်လိုင်စင်မဲ့ မော်တော်ယာဉ် (၄)စီးကို သက်ဆိုင်ရာကဖော်ထုတ်ဖမ်းဆီးပြီး တောင်ကြီးမှာ ထိန်းသိမ်းထားခဲ့ကြောင်း။ ထိုမော်တော်ယာဉ်(၄)စီးသည်လည်း ကျော်နေဝင်းက ဝေလင်းဆန်းတို့ကို ကျပ်သိန်းတစ်ထောင် ထုတ်ပေးပြီး ဝယ်ခိုင်းသည့်မော်တော်ယာဉ်များဖြစ်နေကြောင်း။ ဝေလင်းဆန်းတို့အဖွဲ့သည် တစ်ဘက်နိုင်ငံမယ်ဆိုင်မြို့ ကိုသွားရောက်ပြီး ကျပ်သိန်းလေးရာတန် အက်စကလိပ်(Escalade)ယာဉ်တစ်စီး၊ ကျပ်သိန်းနှစ်ရာတန် လင်ခရူဆာ ယာဉ်တစ်စီး၊ ကျပ်သိန်းသုံးရာတန် ပါဂျဲရိုးယာဉ်တစ်စီး၊ စုစုပေါင်းလိုင်စင်မဲ့ယာဉ်(၄)စီးကို ကျပ်သိန်းတစ်ထောင်ဖြင့်ဝယ်ယူ ခဲ့ပြီး တရားမဝင်လမ်းကြောင်းက တင်သွင်းလာခြင်းဖြစ်ကြောင်းသိရကြောင်း။

ကျော်နေဝင်းသည်ပြည်တွင်းက

လိုင်စင်မဲ့ယာဉ်တွေကိုဝယ်ယူသည့်အပြင် ပြည်ပကနေ တရားမဝင်မှာယူ
တင်သွင်းတာမျိုးလည်းပြုလုပ်ခဲ့ကြောင်း။ ဂျပန်နိုင်ငံ၊ တိုကျိုမြို့ဆိပ်ကမ်းကနေ
ကျော်နေဝင်း၏ အမည်လိပ်စာနှင့်တင်ပို့ လိုက်သည့်ကုန်သေတ္တာတစ်လုံးသည်
(၂၀၀၁)ခုနှစ်၊ နိုဝင်ဘာ(၂၇)ရက်မှာ MV Gissang သင်္ဘောနှင့်အလုံ
အေးရှားဝေါလ်ဆိပ်ကမ်းကိုရောက်ရှိလာကြောင်း။ ထိုကုန်သေတ္တာသည်
မရမ်းကုန်းမြို့နယ်၊ မေခလမ်းမှာနေသည့် ကျော်နေဝင်း
အမည်လိပ်စာနှင့်ရောက်လာတာဖြစ်ပြီး ကျော်နေဝင်းအနေနှင့်
ပစ္စည်းထုတ်ယူနိုင်ရန် တရားဝင် သွင်းကုန်လိုင်စင်မရှိသည့်အတွက်
ထုတ်ယူလို့မရခဲ့ခြင်းဖြစ်ကြောင်း။ သတ်မှတ်ထားသည့်ဥပဒေအရ ရက်ပေါင်း
(၆၀)ကြာမြင့်သည်အထိ ထိုကုန်သေတ္တာကို ထုတ်ယူနိုင်ခြင်းမရှိသည့်အတွက်
လေလံစာရင်းသွင်းပြီး ဖွင့်ဖောက် စစ်ဆေးခဲ့ကြောင်း။
ဖွင့်ဖောက်စစ်ဆေးသည့်အခါတွင်
ကျော်နေဝင်းတင်သွင်းခဲ့သောကုန်သေတ္တာအတွင်းက အီဆူဇူး မော်တော်ယာဉ်
တစ်စီးကိုတွေ့ရှိခဲ့ကြောင်း။ အီဆူဇူး Vihe Cross(98 Model) အမျိုးအစားဖြစ် ပြီး
ဟွန်ဒီစနစ်ဖြင့် ငွေလွှဲပြီး ဝယ်ယူတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း။
ထိုမော်တော်ယာဉ်ကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်း
ဆည်းထားပြီးဖြစ်ကြောင်း။

## သက်သေအချို့ဖော်ထုတ်ရရှိ

အဆိုပါဖြစ်စဉ်ဖြစ်ရပ်များကိုကြည့်လျှင် ဦးအေးဇော်ဝင်း၊
ဒေါ်ခင်စန္ဒာဝင်း၊ သားများဖြစ်ကြသည့် အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့သည်
ဦးနေဝင်း၏ လုံခြုံရေးအတွက်ပေးထားသည့်
လုံခြုံရေးတပ်ခွဲမှူးနှင့်တပ်ခွဲရှိစစ်သည်များ ကို ထောက်ပံ့စည်းရုံးသိမ်းသွင်းပြီး
သူတို့၏ ခါးပိုက်ဆောင်တပ်အသွင် အသုံးချရန်လုပ်ဆောင်ခဲ့သည်ကိုတွေ့ရကြောင်း။
ထိုတပ်ခွဲကိုလည်း ပြည်ပမှ တရားမဝင်မှာယူတင်သွင်းခဲ့သည့်

ဆက်သွယ်ရေးပစ္စည်းမျိုးစုံအပြင် စစ်ဝတ်တန်ဆာ ပလာမျိုးစုံပါ ပေးကမ်းထောက်ပံ့ပြီး ထိုသို့ အလွန်အကျွံထောက်ပံ့ပေးကမ်းတာတွေနှင့် သူတို့လိုရာအသုံးပြုနိုင်ရန် စည်းရုံးသိမ်းသွင်းဆောင်ရွက်ခဲ့တာ တွေ့ရကြောင်း။ ထိုလုပ်ရပ်များသည် တပ်တွင်းစည်းလုံးညီညွတ်မှုကိုပျက်ပြား စေကြောင်း။ အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့၏ နီးစပ်ရာပုဂ္ဂိုလ်အချို့ကို ထုတ်ဖော်တိုင်ပင်ပြောကြားချက်ကြောင့် ယခုကဲ့သို့ နိုင်ငံတော်လုပ်ကြံမှုအစီအစဉ်တွင် ပတ်သက်နေသူ၊ သိရှိနေသူ သက်သေအချို့ကို ဖော်ထုတ်ရရှိ ခဲ့ခြင်းဖြစ်ကြောင်း။ ကျော်နေဝင်းအနေဖြင့်လည်း ဥပဒေဘောင်အတွင်းက စီးပွားရှာခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်က သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်း ဥပဒေဘောင်ကိုကျော်လွန်ပြီး စီးပွားရေးဆိုင်ရာမသမာမှုတွေကိုပါ လုပ် ဆောင်ခဲ့တာတွေ့ရကြောင်း။

## စစ်ဆေးအရေးယူသွားမည်

ထို့ကြောင့် ဦးနေဝင်း၏ မိသားစုများက နိုင်ငံတော်အာဏာသိမ်းယူခြင်းနှင့်တပ်မတော်ဖြိုခွဲရေးကြိုးပမ်းမှုများတွင် စီးပွားရေးမသမာမှုများပါ ပါဝင်နေခြင်းကြောင့် အကျုံးဝင်ပတ်သက်မှုများအားလုံးကိုခြုံ၍ တည်ဆဲဥပဒေများနှင့် အညီ ဆက်လက်စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလို ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာဆရာများ၏ မေးမြန်းချက်များကို ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ် ကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားပြီး အထူးသတင်းစာရှင်းလင်းပွဲကို မွန်းလွဲ(၁၂)နာရီ မိနစ်(၅၀)တွင် ရပ်သိမ်း လိုက်သည်။

## ကြည့်ရှုလေ့လာ

ယင်းနောက် ပြည်တွင်းပြည်ပသတင်းစာဆရာများသည်

ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့်ပစ္စည်းများ၊
လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

**မြန်မာ့အလင်းသတင်းစာ**

**(၂၀၀၂)ခုနှစ်၊မတ်(၁၉)ရက်၊အင်္ဂါနေ့**

**အတွဲ(၃၉)၊အမှတ်(၁၇၀)မှ**

ဒီလိုအမှုမျိုးကိုတောင် သမ္မတကြီးက သဘောထားကြီးစွာ လွှတ်ပေးသင့်တဲ့သူနှစ်ဦးကို လွှတ်ပေးလိုက်တယ် ဆိုတော့ကာ ကျွန်တော်လည်း ကာယကံရှင်တွေနဲ့ တွေ့ချင်စိတ် ပြင်းပြလာခဲ့တယ်။ အဲဒါကြောင့် ရဲဘော်သုံးကျိပ်ဝင် တစ်ဦးရဲ့ သမီးဖြစ်သူကတစ်ဆင့် ဆက်သွယ်ခဲ့တယ်။ တွေ့ခွင့်ရလိမ့်မယ်လို့ မျှော်လင့်မထားပေမယ့် တွေ့ခွင့်ပြုတဲ့ အတွက် ကျေးဇူးတင်ရတယ်။

ကာယကံရှင်တွေရဲ့နေအိမ်ဆိုတာ ဟိုတုန်းက အနားတောင်သီလို့မရတဲ့အိမ်မျိုးမဟုတ်လား။ ဒါတောင် ကြိုတင်ချိန်းဆိုထားပါလျက်ကယ်နဲ့ နာမည်ပြော၊ ဘယ်သူလဲ ဘယ်ဝါလဲနဲ့ လုပ်တာခံရသေးတာကလား။

သို့သော်လည်း ခြံဝင်းထဲဝင်လိုက်တာနဲ့ ဦးအေးဇော်ဝင်း၊ ဒေါ်ခင်စန္ဒာဝင်း၊ ကိုဇွဲနေဝင်းတို့ (၃)ဦးလုံးက အိမ်အဝမှာဆီးကြိုနေတာမြင်ရတော့ စိတ်ထဲမှာတော့ အခြေအနေမဆိုးပါလားပေါ့လေ။ မိသားစု(၃)ဦးစလုံးက ကိုယ်ထင်ထားတာတွေနဲ့ ဆန့်ကျင်ဘက်တွေဖြစ်ပြီး နွေးနွေးထွေးထွေး သိမ်သိမ်မွေ့မွေ့ရှိကြတော့ အတော် လေးလည်း ထူးဆန်းသွားတယ်။

တကယ့်တကယ်မေးရမြန်းရတော့လည်း ဦးအေးဇော်ဝင်းနဲ့ဒေါက်တာ ဒေါ်ခင်စန္ဒာဝင်းတို့က သီးခြားစားပွဲမှာ မိတ်ဆွေတွေနဲ့သွားထိုင်ပေးပြီး

ရှောင်ပေးထားတယ်။ ဘာတစ်ခုမှ ဝင်မစွက်ဖက်ကြဘူး။ ဟန့်တားတာ၊ ငြူစူတာ၊ ကန့်ကွက်တာလည်း မရှိကြဘူး။ ကိုဇွဲနေဝင်းကိုယ်တိုင်လည်း ကိုယ်တွေမေးသမျှကို သိမ်သိမ်မွေ့မွေ့၊ နူးနူးညံ့ညံ့နဲ့ တရားသဘောတွေနဲ့ယှဉ်ပြီး ကိုယ်တွေကိုပါ တရားပြလိုက်တဲ့အပြင် နိုင်ငံတော်သမ္မတကြီးနဲ့ပတ်သက်လို့လည်း သည်လိုသမ္မတမျိုး အရနောက်ကျလေခြင်းဆိုပြီး အားမလိုအားမရဖြစ်မိတယ်ဆိုတာမျိုးတွေ ကြားလိုက်ရလေတော့ သမ္မတကြီးဟောင်းဦးနေဝင်းမိသားစုရဲ့ တုံ့ပြန်မှုအပေါ် အမျှော်လင့်ကြီးမျှော်လင့်ခဲ့မိတဲ့ကိုယ်တွေမှာ မှန်းချက်နဲ့နှမ်း ထွက်မကိုက်ခဲ့ရကြောင်းပါ ခင်ဗျား။

**လျှပ်တစ်ပြက်ဂျာနယ်**

**အတွဲ (၃) အမှတ် (၇၃)**

သည့်လိုသမ္မတမျိုး အရနောက်ကျလေခြင်းဟု
နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့်ပတ်သက်၍
နိုင်ငံတော်သမ္မတဟောင်း ဦးနေဝင်း၏ မြေးဖြစ်သူ
ကိုဇွဲနေဝင်းမှထုတ်ဖော်ပြောကြား



# နိုင်ငံတော်သမ္မတဟောင်း
# ဦးနေဝင်း၏မြေး ဦးဇွဲနေဝင်းနှင့် တွေ့ဆုံခြင်း

နိုင်ငံတော်သမ္မတကြီး၏ (၂၀၁၂)လွတ် ငြိမ်းချမ်းသာခွင့်အကျိုးကို ခံစားခဲ့ရသူများထဲတွင် နိုင်ငံတော်သမ္မတ ဟောင်း ဦးနေဝင်း၏ သမက်နှင့် မြေးဖြစ်သူတို့လည်းပါဝင်ခဲ့သည်။ သူတို့မိသားစု၏ အမှုသည်လည်း စိတ်ဝင်စားစရာ ကောင်း၍ ထူးခြားသည့်အမှုတစ်ခုဖြစ်သည်။ နိုင်ငံတော်သမ္မတဟောင်း ဦးနေဝင်း၏ သမီးဖြစ်သူ ဒေါ်ခင်စန္ဒာဝင်းကိုယ်တိုင် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံခဲ့ရကာ ခင်ပွန်းဖြစ်သူနှင့် သား(၃)ဦးလုံး ထောင်နံရံတစ်ဖက်စီသို့ နှစ်ရှည်လများကျခံခဲ့ ရမှုသည် စိတ်ဝင်စားစရာဖြစ်ခဲ့သည်။ သည့်အတွက် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို လက်တွေ့ခံစားနေရပြီဖြစ်သော နိုင်ငံတော်သမ္မတဟောင်းဦးနေဝင်း၏ သမက်ဖြစ်သူ ဦးအေးဇော်ဝင်းနှင့် မြေးဖြစ်သူ ကိုဇွဲနေဝင်းတို့ကို ရန်ကုန်မြို့ရှိသူတို့နေအိမ်တွင် သွားရောက်တွေ့ဆုံခွင့်ရရှိခဲ့သည်။ မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် အဆိုပါ နေအိမ်သို့ရောက်ရှိသွားချိန်တွင်မိသားစု(၃)ဦးမှ နွေးထွေးစွာကြိုဆိုခဲ့ကြသည်။ နိုင်ငံတော် သမ္မတဟောင်း ဦးနေဝင်း၏ သမီးဖြစ်သူ ဒေါက်တာဒေါ်ခင်စန္ဒာဝင်းသည် သားဖြစ်သူ ကိုဇွဲနေဝင်းအား လွတ်လပ်စွာမေးမြန်းခွင့်ပြုခဲ့သည့် အပြင် နေအိမ်ဧည့်ခန်းတွင်ချိတ်ဆွဲထားသောဓာတ်ပုံများကို လွတ်လပ်စွာရိုက်ကူးခွင့်လည်းပြုခဲ့သည်။

အိမ်ကနေသွားတုန်းက ကျွန်မသားကအသက်(၂၀)ကျော် အခုပြန်ရောက်လာတော့ အသက်(၃၀)ဟုဆိုကာ တည်ငြိမ် စွာဖြင့်သားဖြစ်သူကိုကြည့်ရင်း ဒေါက်တာဒေါ်ခင်စန္ဒာဝင်းမှဆိုခဲ့သည်။ နိုင်ငံတော်သမ္မတဟောင်း ဦးနေဝင်း၏ မြေးဖြစ်သူ ကိုဇွဲနေဝင်းသည် မည်သည့်ကန့်သတ်ချက်၊ ကြိုတင်ညှိနှိုင်းခြင်းများမပါရှိဘဲ လွတ်လပ်စွာမေးမြန်းခြင်းကိုလည်း သဘော တူညီခဲ့သည်။ မွန်ရည်၊ သိမ်မွေ့စွာဖြင့် မေးသမျှမေးခွန်းများကို အကျစ်လျစ်ဆုံးပြန်လည်ဖြေကြားဖြေဆိုခဲ့သော

ကိုဇွဲနေဝင်း၏ သတင်းသမားများနှင့် တွေ့ဆုံမှုလည်းဖြစ်သည်။

အဖေနဲ့သားတို့ အရေးယူခံရတဲ့ အဖြစ်မှန်ကို သိချင်ပါတယ်။

အဲဒါက အဲဒီ ခေတ်၊ အဲဒီ အခါက စိုးရိမ်စိတ်လွန်သွားပြီးတော့ Misunder standing တစ်ခုကြောင့် ဒီလိုမျိုးမဖြစ်သင့်၊ မဖြစ်ထိုက်တဲ့တိုင်းပြည်မှာ အရုက်ကွဲရတဲ့အရာမျိုးတွေဖြစ်သွားခဲ့တာပါ။ ဒါအတွက်တော့ ကျွန်တော်ကစိတ်မကောင်း တော့ ဖြစ်မိပါတယ်။

ဘာကြောင့် မိသားစုလိုက် အရေးယူခံရသလဲ။

ဒါကတော့ ကျွန်တော်တို့မိသားစုကတော့ လူတိုင်းကတစ်ယောက်တည်း၊ တစ်ဦးတည်းလို့ မြင်ခဲ့တာမျိုးမရှိခဲ့ပါဘူး။ အဘိုးကောဆိုတဲ့အတွက် မိသားစုတစ်ခုလုံးမြင်ခဲ့တဲ့အတွက် ဒီလိုဖြစ်သွားတယ်လို့ ကျွန်တော်မြင်ပါတယ်။

အခု သမ္မတကြီးပြန်ပြီးတော့ လွတ်ငြိမ်းချမ်းသာခွင့်လွှတ်ပေးတဲ့အပေါ်မှာရော ဘာလို့ နှစ်ယောက်ကျန်နေလဲ။ အမူချင်းတူရဲ့သားနဲ့ ဘာလို့နှစ်ယောက်ကျန်နေလဲ။

အဲဒါလည်း အများအတွက်က အံ့သြစရာကြီးတစ်ခုလို့ ကျွန်တော်လည်းဖြစ်နေပါတယ်။ လူတိုင်းအကုန်လုံးလည်း ဒါကို အံ့သြနေကြမယ်။ Question Mark အကြီးကြီးတစ်ခုပေါ်နေဦးမယ်လို့လူတွေမြင်မှာပဲ။ ဒါကတော့ ကျွန်တော့် အတွက်ကလည်း အခုအချိန်အထိ ဝေခွဲလို့စဉ်းစားလို့မရတဲ့ Question Mark ကြီးတစ်ခုပါ။ လေးယောက်ရှိတဲ့အထဲက နှစ်ယောက်ပဲလွတ်လာပြီး နှစ်ယောက်ကျန်နေသေးတယ်ဆိုတာ ကျွန်တော့်အတွက်က Question Mark ပဲ။ ကျွန်တော် လည်း ဒီလိုပဲပြောချင်ပါတယ်။ လူတွေလိုပါပဲ။ လူတွေအကုန်လုံးလည်း Question Mark ကြီးတစ်ခုဖြစ်နေတယ်။

Casce အတူတူပဲ။ ဘာဖြစ်လို့ နှစ်ယောက်လွှတ်ပြီး

နှစ်ယောက်ကျန်နေသလဲ။ စိတ်မချသေးတဲ့အတွက် စောင့်ကြည့်ဖို့အတွက် နှစ်ယောက်ချန်ထားတာဖြစ်မလား။

အဲဒီ လို ယူဆကြတဲ့သူတွေလည်းရှိမှာပဲလေ။ လူတွေက အမျိုးမျိုးယူဆကြမှာပဲ။ အဲဒါကြောင့်မို့ ကျွန်တော်ပြောသလို ဒါ Question Mark ကြီး အကြီးကြီးတစ်ခုဖြစ်နေတယ်။ လူတိုင်းက ဒါကို အမျိုးမျိုးဖြည့်ပြီးတော့ စဉ်းစားပိုင်ခွင့်ရှိပါ တယ်။ ဒီလိုစဉ်းစားပိုင်ခွင့်ကို ကျွန်တော်လုပ်ပေးခဲ့တာမဟုတ်ဘူး။ ဒီလိုဖြစ်သွားတဲ့ဖြစ်ရပ်ကလုပ်ပေးခဲ့တာ။ လူတိုင်းက ဒီနှစ်ယောက် ကျန်ခဲ့တဲ့ကိစ္စကို လွတ်လွတ်လပ်လပ် စဉ်းစားပိုင်ခွင့် ကျွန်တော်ကပေးထားပါတယ်။

အဲဒါကြောင့် ကျွန်တော်သိချင်တာက ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ပတ်သက်လို့ အပြင်မှာပြောကြဆိုကြတာ တွေ ရှိပါတယ်။ အဲဒီ အပေါ်မှာ ...။

အဲဒါနဲ့ပတ်သက်လို့က ဆရာရယ် သူ့အပေါ်မှာ လူတွေက အမျိုးမျိုးစိတ်ထားတွေရှိကြတယ်။ တချို့ကျတော့လည်း သူတို့ လူသားတစ်ယောက်ထက်ပိုတဲ့စွမ်းရည်တွေရှိပြီးတော့ အရည်အချင်းတွေရှိတယ်ဆိုပြီးတော့လည်း တစ်ဖက် စွန်းတွေးပြီးတော့ ကြည်ညိုလေးစားနေတဲ့သူတွေလည်းရှိပါတယ်။ တချို့ကျတော့လည်း အမုန်တရားနဲ့လုံးဝကင်းကွာ ပြီးတော့ သူ့အပေါ်မှာ အပြစ်တွေမြင်ကြတယ်ဆိုတာလည်းရှိပါတယ်။ ဒါပေမယ့် ဒီလူတွေအကုန်လုံးကိုတော့ လွတ်လပ် စွာတွေးတောပိုင်ခွင့်၊ လွတ်လပ်စွာ စဉ်းစားပိုင်ခွင့်တော့ ကျွန်တော်ကပေးပါတယ်။ ဒီလူတွေ အကုန်လုံးဘယ်လိုစဉ်းစားပါ။ ဘယ်လိုမစဉ်းစားဘူး။ ဘယ်ဟာကတော့ဟုတ်တယ်။ မဟုတ်ဘူးမပြောပါဘူး။အားလုံးက Freely ပါပဲ။ ဒါပေမယ့်နောက် အနှစ်နှစ်ဆယ်၊ သုံးဆယ်လောက်ဆိုရင်တော့ ဒီလိုမျိုးနှစ်ဖက်အစွန်းတွေ အကုန်လုံးသည်အနည်ထိုင်သွားပြီးတော့သူ

တကယ်စွန့်လွှတ်အနစ်နာခံခဲ့တာလေးတွေ သမိုင်းမှာ အမှန်တရားအတိုင်းထင်ပြီးကျန်ခဲ့မယ်လို့ကျွန်တော်ယုံကြည်ပါ တယ်။

အခုအများက အဘိုးနဲ့ပတ်သက်လို့ တစ်ပါတီအာဏာရှင်စနစ်ကြောင့် နှစ်ပေါင်း (၂၆)နှစ် တိုင်းပြည် ချွတ်ခြုံကျခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ပတ်သက်လို့ မြေးတစ်ယောက်အနေနဲ့ ဘယ်လိုများ Defence လုပ်ချင်လဲ။

ဒါကတော့ သူ့အနေနဲ့တိုင်းပြည်ကတကယ်ဒုက္ခရောက်နေတဲ့အချိန်မှာ တိုင်းပြည်အတွက်အသင့်တော်ဆုံးဖြစ်မယ့် ဟာကို လုပ်ပေးခဲ့တယ်။ ဒီအတွက်သူဟာလည်း အစကတည်းလည်းပြောခဲ့တယ်။ တို့စခဲ့တယ်။ တို့လိုရင်ပြင်မယ် ဆိုပြီး သူပြောခဲ့တာတွေ အများကြီးရှိပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် သူသည်တယူသန်ကြီး တိုင်းပြည်အပေါ်မှာ စိတ်ထားပြီးလုပ်ခဲ့တာ မဟုတ်ဘူးဆိုတာတော့ ကျွန်တော်မပြောလည်း လူတွေအကုန်လုံးသိကြမှာပါ။

အဲဒီ တော့ ကိုဇွဲတို့အနေနဲ့ ဒီနိုင်ငံရေးအပြောင်းအလဲမှာ အစဉ်အလာရှိတဲ့ အဘိုးရဲ့သွေးပါပြီးသားဖြစ်နေတဲ့ အတွက် နိုင်ငံရေးလုပ်ဖို့စိတ်ကူးမရှိဘူးလား။

ကျွန်တော်တို့ကအစကတည်းက နိုင်ငံရေးလောကထဲမှာနေလာခဲ့တဲ့သူ မဟုတ်ပါဘူး။ နိုင်ငံရေးလုပ်ဖို့လည်း အစီ အစဉ်မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့တိုင်းပြည်ကို တခြားနိုင်ငံကနေရန်ပြုတာမျိုး၊ ဒီလိုကိစ္စမျိုးတွေပေါ့နော်။ နောက်ပြီး ကျွန်တော်တို့နိုင်ငံ ပဲ့ထွက်သွားပြီးတော့ ပြည်နယ်တွေဘာတွေကွဲသွားတာမျိုး၊ တိုင်းပြည်ကြီးပြိုကွဲမှာမျိုး။ အဲဒါက ဒုတိယအချက်ပါ။ တတိယအချက်ကတော့ ဗုဒ္ဓသာသနာကို ညှိုးငယ်အောင်လုပ်ပြီးတော့ ဘုရားဟောတွေကို ပြင်ပြီးတော့ ကမောက်ကမဖြစ်အောင်လုပ်တဲ့ကိစ္စတွေ။ နောက် တပ်မတော်ရဲ့အခန်းကဏ္ဍကိုမှေးမှိန်အောင်၊ တပ်မတော်ရဲ့

အစဉ်အလာကိုသိမ်ငယ်အောင် တပ်မတော်ကိုစော်ကားတာမျိုးတွေ ဖြစ်လာရင်တော့ ဒီလိုမျိုး အကြောင်းအရာလေးချက်နဲ့ ဖြစ်လာရင်တော့ ဒါ နိုင်ငံသားလုပ်ရမယ့်တာဝန်ပဲလို့ ကျွန်တော်မြင်ပါတယ်။ ဒါ နိုင်ငံရေးလုပ်တာမဟုတ်ဘူး။ တိုင်း ပြည်အတွက်လုပ်တာ။

အမျိုးသားရေးပေ့ါ။

အမျိုးသားရေးပါ။

အခု ကိုဇွဲတို့ကို သမ္မတကြီးက လွှတ်ငြိမ်းချမ်းသာခွင့် လွှတ်လိုက်တဲ့အပေါ်မှာရော ဘာများပြောစရာရှိပါသလဲ။

ကျွန်တော်ဟာ မြန်မာလူမျိုးတစ်ယောက်ဖြစ်တဲ့အတွက် ကျွန်တော် ပထမဦးဆုံးပြောချင်တဲ့စကားကတော့ ကျေးဇူး တင်ပါတယ်။ နောက်လည်း ဒီလိုလွှတ်သင့် လွှတ်ထိုက်တဲ့သူတွေ အများကြီးကျန်ပါသေးတယ်။ ဒီလူတွေကို ဆက်ပြီး တော့လည်းလွှတ်နိုင်ပါစေ။ သမ္မတကြီးအနေနဲ့ လွှတ်ဖို့လည်း သူ့မှာအခွင့်အရေးတွေရပါစေလို့ ကျွန်တော် ဆုတောင်း ပေးပါတယ်။ သူကလည်း တစ်နှစ်မပြည့်သေးတဲ့အချိန်အတွင်းမှာ ဒီလောက်အထိလုပ်လာတယ် ဆိုတာလည်း ဒါကိုတော့ ကြိုက်တဲ့သူရှိမယ်၊ မကြိုက်တဲ့သူရှိမယ်။ ဒါပေမယ့် လုပ်ပေးနေတယ်ဆိုတာကိုတော့ အသိအမှတ်ပြုသင့်ပါတယ်။

(၂၀၁၂) ခုနှစ်မှာ နိုင်ငံရေး Change ဖြစ်လာတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း လွှတ်တော်ထဲ ဝင်မှာတွေရှိလာတဲ့အပေါ်မှာရော ကိုဇွဲတို့အမြင်လေးပေ့ါ။

ဒါကတော့ ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်မှာကိုတော့ သူ့အပေါ်မှာကျွန်တော်လည်း စာနာနားလည် မိပါတယ်။ ဒီလိုပဲဝင်မလား မဝင်မလား စဉ်းစားနေတဲ့တခြားပါတီတွေလည်း ရှိနေကြသေးတယ်လေ။ သူတို့အပေါ်မှာ လည်း ကျွန်တော်က စာနာနားလည်မိတယ်။ ဒီလိုအခြေအနေတွေမှာ

အားလုံး ခသည်ငိနည္ခန ရှိရှိနဲ့ဖြစ်လာအောင်၊ နေနိုင်လာအောင်
ဒီသမ္မတကြီးတို့ဘက်ကလည်း အကောင်းဆုံးဖြစ်အောင်ညှိပေးလိမ့်မယ်လို့
ကျွန်တော်တော့ မျှော်လင့်ပါတယ်။

ကျွန်တော်တို့ကြားမှာ ပုံ့နှံ့နေတဲ့ ကောလာဟလတစ်ခုရှိတယ်။
စကော်ပီယံနဲ့ပတ်သက်လို့ပေါ့နော်။ စကော် ပီယံနဲ့ပတ်သက်လို့ ဘာများပြောချင်လဲ။

စကော်ပီယံနဲ့ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး။ ဒါကို
သိလည်းသိကြပါတယ်။ အခုလည်း ကိစ္စမျိုးဖြစ်သွားတော့လည်း လူတွေက
ပိုပြီးရှင်းလင်းသွားတာပေါ့လေ။

ဘာကြောင့် စကော်ပီယံနဲ့ကိုဇွဲတို့တွဲပြီး နာမည်ထွက်သလဲ။

ဒါကတော့ လူတွေက ကျွန်တော်တို့ဆိုရင်အမျိုးမျိုးပြောကြမှာပဲလေ။
ဒီအတွက်တော့ သူတို့လည်းထင်ယောင်ထင် မှားနဲ့
အမှားသတင်းကိုပြောမိကြတာပါ။ ဒီလူတွေ
အကုန်လည်းကျွန်တော်ခွင့်လွှတ်ပါတယ်။

တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲပြီးတော့
အရေးယူခံရတယ်ဆိုတဲ့အပေါ်မှာ အခုအပြင်ပြန်ရောက်တဲ့ အပေါ်မှာ
ဗိုလ်ချုပ်ကြီးခင်ညွန့်ကတော့ ကံ,ကံ၏ အကျိုးပဲလို့ သူကပြောပါတယ်။
ကိုဇွဲတို့အနေနဲ့ကော ဘယ်လို များ ပြောချင်ပါသလဲ။

မှန်ပါတယ်။ ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ မြင်မယ်ဆိုရင်တော့
ရှေးရှေးဘဝက ကျွန်တော်ဘာလုပ်ခဲ့သလဲ ကျွန်တော်လည်း ဘယ်မြင်နိုင်မလဲ။ ဒါကို
နာကြည်းနေလို့လည်းမရဘူး။ ဒါကို ဘာမှခံစားပြီးတော့ ကြေကွဲနေလို့မရဘူး။
ကျွန်တော့်အဘိုး ပြောပြောနေတဲ့စကားရှိပါတယ်။
နာစရာရှိရင်လွမ်းစရာနဲ့ဖြေရမယ်ဆိုတာပါ။

အဘိုးနဲ့ အနီးကပ်နေခဲ့တဲ့သူတစ်ယောက်အနေနဲ့

အဘိုးအပေါ်ဘယ်လိုမြင်လဲ။

သူကတော့ ငယ်စဉ်ကတည်းက အရွယ်ကောင်းနေတဲ့အချိန်မှာ တကယ့်ကြီးမားတဲ့ တိုင်းပြည်တာဝန်ကြီးတွေကို သူတို့ လူငယ်လေးတွေ ဘဝကတည်းကထမ်းဆောင်ခဲ့ရတယ်။ ဒီလိုနဲ့ဆက်ပြီး တိုင်းပြည်အတွက် သူ့ဘဝတစ်ခုလုံးကို ပေးဆပ်လိုက်တာပဲ။ နောက်ဆုံး ကျွန်တော်တို့မြေးတွေမွေးပြီးတော့ အသက်(၈၀)လောက်အထိ တိုင်းပြည်အတွက် သူ့ဉာဏ်အား၊ သူ့ခွန်အားအကုန်လုံး စိုက်ထုတ်ပြီးလုပ်ပေးခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။

အဲဒီ လိုကြီးကျယ်တဲ့ တိုင်းပြည်လွတ်လပ်ရေးအတွက် ပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်ကြီး တစ်ယောက်က သူ့ဘဝ နေဝင်ချိန်ကျတော့ မလှမပနဲ့ လူမသိသူမသိဆုံးပါးသွားတဲ့ အပေါ်မှာရော ကိုဖွဲ့တို့ဘယ်လိုမြင်လဲ။

ဒါကတော့ လူဆိုတာဆုံးတဲ့အချိန်မှာဆုံးတတ်တဲ့စိတ်ထားဖို့ပဲလိုပါတယ်။ ရွှေအခေါင်းကြီးနဲ့ထည့်မှ ဒါဟာ ကောင်း တယ်။ ကောင်းရာရောက်မယ်။ ဒီအတိုင်းထားလို့ နတ်ပြည်မရောက်ဘူး။ နိဗ္ဗာန်မရောက်ဘူး။ ဒီလိုမျိုး စိတ်တွေမရှိပါဘူး။ ဒါဟာ ဘာသာရေးအရကြည့်မယ်ဆိုရင် ခန္ဓာကြီးဆိုတာမက်မောစရာ ဘာမှမရှိပါဘူး။

အကျဉ်းကျခံရပြီးမှ ဘယ်လိုနေရထိုင်ရလဲ။ အခြားအကျဉ်းသားများ တန်းတူနေရသလား၊ အထူး အခွင့်အရေးရသလား။

ကျွန်တော်တို့က တပ်ထဲမှာကြီးလာခဲ့တဲ့သူဖြစ်တဲ့အတွက် ငယ်ငယ်က ကျောင်းဆိုလည်းကျောင်းစည်းကမ်း။ တပ် ဆိုလည်းတပ်စည်းကမ်း။ အခု ထောင်ဆိုလည်း ထောင်စည်းကမ်းပေါ့။ ရောက်တဲ့နေရာမှာ သူ့စည်းကမ်းလေးတွေ အတိုင်းနေသွားရင် အားလုံးနေပျော်ပါတယ်။

အထူးအခွင့်အရေးရတာ ရှိလား။

မရှိပါဘူး။

သာမန်အကျဉ်းသားများနည်းတူ နေရတဲ့သဘောလား။

ဟုတ်ပါတယ်။ ထောင်မှာတော့ ထောင်စည်းကမ်းအတိုင်းနေရတယ်။

အမေက အပြင်မှာကျန်ခဲ့တယ်ပေါ့နော်။ အဲဒီ နေ့က ကိုဇွဲတို့ ပြန်လွတ်လာတဲ့အခါမှာ အမေ့ရဲ့ပီတိလေးသိ ချင်တယ်။

ကျွန်တော်တို့ပြန်လာတဲ့နေ့က အမေ့မျက်နှာကြည့်လိုက်တဲ့အချိန်မှာ ကျွန်တော်က ပျော်နေမယ်လို့တောင် သူ့ကို မယူဆထားပါဘူး။ ဒါပေမယ့် အမေ့မျက်နှာကို မြင်လိုက်တဲ့အချိန်မှာသနားစရာကောင်းတဲ့လူတစ်ယောက်လို့ ကျွန် တော်မြင်ပါတယ်။

မိသားစုလိုက်အရေးယူခံရတော့ အမေက အထီးကျန်ကျန်နေခဲ့ရတယ်။ အမေ့ကိုပူဆွေးမှုကော အထဲမှာ မရှိဘူးလား။

အမေ့ကို ကျန်းမာရေးအရတော့ ကျွန်တော်စိုးရိမ်မှုရှိပါတယ်။ အမေကျန်းမာရဲ့လားဆိုတာတော့ အမြဲဆုတောင်းပြီး တော့ မေတ္တာပို့ပါတယ်။ ဒါပေမယ့် အမေ့စိတ်ထားကတော့ အမေအကြောင်းကိုကျွန်တော်သိပြီးသားဖြစ်တဲ့အတွက် စိတ်ပူတာမျိုးမရှိပါဘူး။

၁၉၈၈ ဝန်းကျင်မှာ အမေနဲ့ပတ်သက်လို့ အသံတွေထွက်ခဲ့ဖူးတယ်။ အဲဒီ အပေါ်မှာကော ကိုဇွဲအနေနဲ့ ဘာများပြောချင်သလဲ။

ဒါလည်း အမေနဲ့ပတ်သက်လို့ ပြောခဲ့တဲ့ဟာတွေမဟုတ်မမှန်ဖြစ်ခဲ့ကြမယ်ဆိုတာ အားလုံးလည်းနောက်ပိုင်း သိနေကြတာပဲ။ ပြောတဲ့အချိန်တုန်းကကျွန်တော်တို့လည်းသိခဲ့ကြတယ်။ နောက်ပိုင်းလည်းသိသွားကြတယ်။ ကျွန်တော် တို့တောင် ရှင်းစရာမလိုဘဲနဲ့

သူ့ဟာသူပျောက်ကွယ်သွားတဲ့စကားတွေလို့ပဲ ကျွန်တော်မြင်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ သားသမီးမြေးများသည် ဘာကြောင့်နိုင်ငံရေးလောကထဲရောက်မလာကြတာလဲ။

ဒါကတော့ ကျွန်တော်တို့မိသားစုက အစကတည်းကလည်း ငါတို့ဟာနိုင်ငံရေးမိသားစုလို့၊ နိုင်ငံရေးလုပ်တဲ့ မိ သားစုလို့ ဘယ်တော့မှမခံယူခဲ့ဘူး။ လိုအပ်တာရှိရင်ကူညီကြမှာပါ။ နိုင်ငံရေးလောကမှာလူတော်လူကောင်းတွေများ နေပြီးသားလေ။ ကျွန်တော်တို့ကအစကတည်းက နိုင်ငံရေးလောကထဲကလာတဲ့သူတွေမဟုတ်တဲ့အတွက် နိုင်ငံရေး လောကထဲကို မဝင်ကြတော့ဘူး။

နောင်ကိုလည်း နိုင်ငံရေးလုပ်ဖို့ စိတ်ကူးမရှိဘူးလား။

ကျွန်တော် ခုနကပြောခဲ့တဲ့အတိုင်းပါပဲ။ နိုင်ငံရေးနဲ့ပတ်သက်လို့ကတော့။

လောလောဆယ် ကိုဇွဲ အပြင်မှာအခုဘာလုပ်မလဲ။ စီးပွားရေးလုပ်မှာလား ဘာလုပ်မလဲ။

လုပ်စရာတွေတော့အများကြီးရှိတယ်။ ကျွန်တော်အခုလုပ်ရမယ်လို့ပြင်ထားတာကတော့ ကျွန်တော်တို့ မိတ်ဆွေ တွေပေ့ါနော်။ မိတ်ဆွေအပေါင်းအသင်းတွေကိုတောင်းပန်ရမှာတွေရှိတယ်။ ဘာလဲဆိုတော့ အရင်တုန်းကတော့ ကိုယ့် နားမှာတစ်ခုခုလိုချင်လို့လာနေကြတာလို့ထင်ခဲ့ဖူးတာရှိတယ်။ သို့သော် ဒီလိုဖြစ်သွားပြီးတဲ့အချိန်မှာ ဩော် မိတ်ဆွေ တွေဆိုတာကိုယ့်အပေါ် တကယ်ကောင်းတဲ့သူတွေအများကြီးရှိပါလားဆိုတာ၊ တကယ်မိတ်ဆွေကောင်းတွေ အများကြီး ရှိပါလားဆိုတာ ကျွန်တော် သံသယဝင်ခဲ့မိတာလေးကို

ကျွန်တော်တောင်းပန်ရမှာတွေရှိတယ်။

စီးပွားရေးနဲ့ပတ်သက်လို့ကော။

စီးပွားရေးနဲ့ပတ်သက်လို့ကတော့ နိုင်ငံတော်မှာ စီးပွားရေးတွေလည်း တိုးတက်နေတာတွေ တွေ့ရပါတယ်။ ဒီလိုမျိုး ကြိုးစားနေကြတယ်ပေါ့နော်။ စီးပွားနဲ့ပတ်သတ်လို့ လူတွေအကုန်လုံးဝိုင်းဝန်းကြိုးစားနေကြတယ်။ တချို့လည်း စီးပွားရေး မှာ တချို့လူတွေလုပ်ပုံကိုင်ပုံတွေကို ဘဝင်မတွေ့တာမျိုးတော့ရှိကောင်းရှိနိုင်တယ်။ ဒါတွေကိုလည်း မြင်တာတော့ ဒီလိုလူတွေသည် သူတို့စေတနာ စိတ်ထားကကောင်းပြီးသားပါ။ သူတို့လည်းလုပ်သင့်လုပ်ထိုက်လို့ ဒီလုပ်မှ ဒီလိုဖြစ်မယ်လို့ လုပ်လာကြတာ။ စီးပွားရေးမှာလည်း စိတ်ထားကောင်းတာတစ်ခုပြောရမယ်ဆိုရင် တီတီစီဆရာမတွေဟာဆိုရင် သူတို့ တီတီစီကျောင်းသားဟောင်းတစ်ယောက်က စီးပွားရေးအဆင်ပြေလာတဲ့အခါမှာ ဆရာမတွေကို ကြည့်ရှုစောင့်ရှောက် တယ်။ ဆရာမတွေကိုပြန်လည်စောင့်ရှောက်တာတွေရှိတယ်လေ။ ဒါကို ကြည့်ခြင်းအားဖြင့် သူတို့သည်ကိုယ့်ကို ဘာမှမလုပ် ပေးနိုင်တဲ့ ဒီဆရာမတွေကို စောင့်ရှောက်တယ်ဆိုတာ ဒီလိုလူတွေသည်စိတ်ရင်းစေတနာမှန်နဲ့ ရှိတယ်ဆိုတာကိုတော့ ကျွန်တော်မြင်ပါတယ်။

ကိုဇွဲတို့ငယ်ငယ် အကျဉ်းမကျခင်ကာလတုန်းက နာမည်ဆိုးနဲ့ကျော်ကြားခဲ့ဖူးတယ်။ အရမ်းဆိုးတယ်ပေါ့နော်။ ဘယ်သူ့ရဲ့မြေးတွေ အရမ်းဆိုးတာပဲဆိုတဲ့အသံတွေ အပြင်မှာရှိခဲ့ဖူးပါတယ်။ အဲဒါနဲ့ပတ်သက်လို့ကော။

ကျွန်တော်တို့ကို ဆိုးတယ်လို့ပြောတာလည်း ဒါလည်း အခုလူတွေသိသွားပြီလေ။ ဒါတွေဟာ မဟုတ်ဘူး။ ဒါတွေဟာ ကောလာဟလလိုမျိုးတွေဖြစ်ခဲ့တယ်ဆိုတာလည်း လူတော်တော်များများလည်းနားလည်ကြပါတယ်။

ဒါနဲ့ပတ်သတ်လို့ ဘာမှ Detail မရှင်းချင်ဘူးလား။

ဒါကတော့ ဆရာရယ်။ လူတွေဆိုတာက ကျွန်တော်တို့ကို အမျိုးမျိုးပြောကြမှာပဲ။ ဒီလူတွေကိုလည်း သူတို့အမှား ပြောနေပေမယ့်လည်း မင်းတို့ပြောနေတာမှားနေတယ်၊ မင်းတို့ပြောနေတာမဟုတ်ဘူးလို့တော့ ကျွန်တော် ပြောဖို့စိတ်ထဲ ရှိရင်တောင်မှ နောက်တော့လည်း သူတို့မြင်သွားတာပဲလို့ ကျွန်တော်ပြောခါနီး တောင်မှ သူတို့ ဒီလိုမဟုတ်ပါလားဆိုတာကို မြင်မြင်သွားတဲ့အတွက် ဒါကိုကျွန်တော်ပြန်ရှင်းစရာမလိုတော့ဘူး။ ဒါဟာ မဟုတ်ဘူးဆိုတာ လူတိုင်းသိပြီးသား ဖြစ် နေပါတယ်။

အဘိုးနဲ့ပတ်သက်လို့ ကိုဇွဲတို့ အနေနဲ့ မိသားစုအနေနဲ့ သမိုင်းနဲ့ဆိုင်တဲ့ စာအုပ်တစ်အုပ်လုပ်ဖို့ အစီအစဉ်ကော မရှိဘူးလား။ ဘာကြောင့်လဲဆိုတော့ အဘိုးနဲ့ပတ်သက်လို့ ဒီအချိန်အထိ သမိုင်းရဲ့တရားခံအဖြစ်နဲ့ အမျိုးမျိုးပြော ကြဆိုကြတယ်။ အာဏာရှင်လို့ဆိုကြတဲ့အပေါ်မှာ ဒီမိသားစုအနေနဲ့ ဘာမှ ပြန်လုပ်ဖို့ အစီအစဉ်မရှိဘူးလား။

ဒါကတော့ ဆရာရယ် ကျွန်တော့်အဘိုးအပေါ်မှာ ချစ်တဲ့သူတွေလည်းအရမ်းများပါတယ်။ သူလုပ်ခဲ့တဲ့ဟာက တစ်ကိုယ်ကောင်းဆန်ပြီး တစ်ယောက်ကောင်း၊ တစ်ဦးကောင်းအတွက်လုပ်ခဲ့တာမဟုတ်ဘူး။ တစ်တိုင်းပြည်လုံး အတွက် သူလုပ်ခဲ့တာပါဆိုတဲ့အတွက် သူ့ရဲ့စေတနာ ခုနကကျွန်တော်ပြောသလိုပဲ သူ့ရဲ့စွန့်စားခဲ့တာတွေ၊ သူ့ရဲ့ စွန့်လွှတ်ခဲ့တာတွေ လူတွေမြင်ပြီးသားပါ။ သိပြီးသားပါ။ ဟုတ်တယ်မဟုတ်လား။

အဲဒီ တော့ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ မြေးဖြစ်ရတာ ဂုဏ်ယူလား။

ဂုဏ်ယူတာပေါ့ ဆရာကလည်း။ ဒါကတော့ ဖြစ်ချင်ကြတဲ့သူတွေလည်း အများကြီးပဲလေ။

အဲဒီ အတွက် မြေးတစ်ယောက်အနေနဲ့ အဘိုးအတွက် ဘာလုပ်ပေးမလဲ။

ဒါကတော့ မြေးတိုင်းလုပ်ရမယ့် အလုပ်တွေရှိတယ်လေ။ ကုသိုလ်ကောင်းမှု။ အဘိုးရဲ့အစဉ်အလာကိုထိန်းရမယ်။ အဘိုးနေခဲ့တဲ့ စည်းကမ်းအတိုင်းနေရမယ်။ သူ့ရဲ့စည်းကမ်းကြီးမှု၊ သူ့ရဲ့အစဉ်အလာတွေကို ကျွန်တော် ဆက်ထိန်း သွားမှာပေါ့။

အဲဒီ တော့ ကိုဇွဲ့ အဘိုးဆီက၊ အမေ့ဆီက၊ အဖေ့ဆီက ဘာတွေရလဲ။

အဘိုးရယ်၊ အမေရယ်၊ အဖေရယ်ဆီကရတာ က အနွေးထွေးဆုံး၊ လုံခြုံမှုအရှိဆုံး မေတ္တာတရားပဲ။

ကိုဇွဲ့ တခြားဖြည့်ပြောချင်တာလေး။

တချို့ကလည်း သမ္မတကြီးလုပ်တာ အေးတယ်။ တချို့ကလည်း အားမရဘူးဆိုပြီးရှိကြတယ်။ ကျွန်တော်တို့ အားမရတာ တော့ ဒီလိုလူမျိုး အရနောက်ကျခဲ့တယ်ဆိုပြီးတော့ အားမရခဲ့တာရှိပါတယ်။ သူလိုလူမျိုး အစောကြီး ကတည်းကသာ ခေါင်းဆောင်ဖြစ်နေမယ်ဆိုရင် အရာရာမှာအခုလိုမျိုး သိမ်မွေ့စွာနဲ့ သူလုပ်သွားနိုင်ခဲ့မယ်။ အကုန်လုံးသည် တစ်ချိန်တည်းပင် တစ်ခါတည်းပါလာခဲ့မယ်လို့ ကျွန်တော်မြင်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အနာဂတ်နဲ့ပတ်သက်လို့ ဘယ်လိုမျှားမြင်လဲ။

လက်ရှိနိုင်ငံရေးအခြေအနေနဲ့ ပတ်သက်လို့။ အနာဂတ်နဲ့ပတ်သက်လို့ကတော့ အားလုံးသည်ကောင်းတာ လုပ် နေတာဆိုရင်ဝိုင်းလုပ်ကြမယ်။ မကောင်းတာလုပ်နေတာဆိုရင် ဝိုင်းပြီးတော့နားလည်အောင်လုပ်ကြမယ်။ နားလည်အောင် ရှင်းပြကြမယ်။ နားလည်အောင်ပြောဆိုနိုင်ကြမယ်ဆိုရင် အားလုံး တစ်တိုင်းပြည်လုံးရောက်ချင်တဲ့ ပန်းတိုင်ကိုတစ်တိုင်း ပြည်လုံးရောက်သွားမှာပဲ။ မှန်မှန်ပုံမှန်နဲ့ချီတက်ပြီး

ရောက်သွားနိုင်မယ်လို့ ကျွန်တော်မြင်ပါတယ်။

ပန်းတိုင်ဆိုတာ ဒီမိုကရေစီပန်းတိုင်လို့ ပြောချင်တာလား။

မှန်တာပေါ့ဆရာ။

ကိုဇွဲနေဝင်းနှင့် မေးမြန်းမှုအပြီးတွင် ဖခင်ဖြစ်သူ ဦးအေးဇော်ဝင်းကိုလည်း မေးခွန်းအချို့ မေးမြန်းခဲ့သည်။

သားနှစ်ယောက် ကျန်ခဲ့တဲ့အပေါ်မှာကော။

ဦးအေးဇော်ဝင်း။ ။ အဲဒါတော့အကုန်မပျော်နိုင်ဘူး။

ဘာကြောင့်ကျန်တယ်လို့ အစ်ကိုထင်သလဲ။

ဦးအေးဇော်ဝင်း။ ။ သူ့ပေါ်လစီရှိတာပဲ။

ကိုဇွဲကတော့ ဒီဟာကို နားလည်မှုလွဲခြင်းတစ်ခု၊ မှားယွင်းမှုတစ်ခုလို့ ပြောပါတယ်။ အစ်ကိုကော ဒီအမှုနဲ့ပတ်သက်လို့ ဘာများပြောချင်သလဲ။

ကိုဇွဲနေဝင်း။ ။ ကျွန်တော် ခုနကပြောခဲ့အတိုင်းပါပဲ။ misunderstanding တစ်ခုဖြစ်သွားတာလေးကြောင့်လို့။

အဲဒီ လို နားလည်မှုလွဲတဲ့အတွက် မနစ်နာဘူးလား။

ကိုဇွဲနေဝင်း။ ။ (ရယ်လျက်)နစ်နာတယ်ဆိုတာက တစ်ခုခုခံစားရတယ်။ တစ်ခုခု အာဃာတမျိုးတွေရှိမှသာ ဒါ နစ်နာတယ် ဆိုတာမျိုးပေါ့နော်။ ဒါပေမယ့် ကျွန်တော်တို့သည် ဒါမျိုးကိုငါတော့ နစ်နာသွားတယ်။ ငါ့ကိုတော့ လုပ်လိုက်တယ်။ ဒါမျိုး ကျွန်တော်တို့ တစ်ခါမှမစဉ်းစားခဲ့ဖူးပါဘူး။ သူတို့ အထင်လွဲသွားတာကို ကျွန်တော်မြင်လိုက်တယ်။ သြော် သူတို့ ဒီလိုအထင်လွဲသွားလို့ ဒီလိုဖြစ်သွားတာ။ ဟုတ်တယ်မဟုတ်လား။ misunderstanding ... ဒါကို ပေါ်သွား တဲ့အတွက် ဖြစ်သွားတယ်။ ဒါပဲပေါ့ ဆရာရယ်။

အလားတူ မိခင်ဖြစ်သူ ဒေါက်တာခင်စန္ဒာဝင်းကိုလည်း မေးမြန်းရာ

အားလုံးကလည်း အစ်မ Voice ကို ကြားချင်နေကြတယ်လေ။

မထင်ပါဘူး။ ကျွန်မ အရေးမကြီးပါဘူး။ Nobody. Nothing.

ကိုဇွဲနဲ့ ကိုအေးဇော်ဝင်း ပြန်လွတ်လာတဲ့အပေါ်မှာ အစ်မအမြင်လေး ပြောစေချင်တယ်။

သိပ်မပြောချင်ဘူး။

နည်းနည်းလေးတော့ပြောပါ။

အားလုံးပဲ စိတ်ချမ်းသာရပါစေလို့ပဲကျွန်မပြောချင်ပါတယ်။ ကျွန်မတင်မကပါဘူး။ ဘယ်မိသားစုမဆို ငြိမ်းချမ်း ကြပါစေ။

အစ်မအနေနဲ့ နိုင်ငံရေးလုပ်ဖို့ အစီအစဉ်မရှိဘူးလား။

--------------ဟု ပြန်လည်ဖြေကြားခဲ့သည်။

ထိုနေ့က မိသားစုဓာတ်ပုံရိုက်ခွင့်တောင်း၍ မိသားစုဓာတ်ပုံရိုက်ယူခဲ့ဖြစ်ကြသည်။ မိသားစုမစုံမလင်နှင့် ရိုက်ယူ ခဲ့ရခြင်းဖြစ်သည်။ နောင်တစ်ချိန်တွင် မိသားစုစုံစုံလင်လင်နှင့်ဓာတ်ပုံရိုက်ခွင့်ကြုံဦးမည်ထင်သည်။ အပြန်တွင် ကိုဇွဲနေဝင်းမှ သူ့အဘိုးနှင့်လုပ်ဖော်ကိုင်ဖက်ဟောင်းများ အယ်လ်ဘမ်တစ်ခုကိုထုတ်ပြခဲ့သည်။ သူ့အဘိုး၏ လုပ်ဖော်ကိုင်ဖက်ဟောင်းများ အပေါ်ထားရှိသော သံယောဇဉ်ကိုပြချင်ပုံရသည်။ အပြန်တွင် အင်းစိန်အကျဉ်းစခန်း၌ ဆုံခဲ့သော သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ကို သတိတရရှိနေကြောင်းလည်း ကိုဇွဲနေဝင်းမှ မှာကြားလိုက်ချေသည်။

'ကျွန်တော်ဖုန်းဆက်သေးတယ်။ ဖုန်းဆက်လို့မရလို့'ဟုဆိုသည်။